မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၁၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၅၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိုးစပါး၊ နွေစပါးနှင့် ဆီထွက်သီးနှံများ စိုက်ကေပြည့်မီအောင် စိုက်ပျိုး ဒေသဝမ်းစာဖူလုံရေး စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက် ခြိစည်းရိုးကြက်ဆူပင် အောင်မြင်အောင်စိုက်ပျိုး၊ ဒေသဖွံ့ဖြိုးရေး ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဇွန် ၁၈

ပုဂံညောင်ဦးမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် လိုက်ပါလျက် ဇွန် ၁၆ ရက် နံနက်ပိုင်းက ပုဂံရှေးဟောင်း သုတေသနပြတိုက်သို့ ရောက်ရှိရာ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းဘုရားပုထိုးစေတီ ပြန်လည်ပြုပြင်မှု ကမ္ဘည်းမော်ကွန်း မှတ်တမ်းကျောက်စာကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မော်ကွန်းမှတ်တမ်း ကျောက်စာကို ကြည့်ရှုစစ်ဆေးပြီး မဟာရာဇသီရိ အနုရုဒ္ဓဒေဝ အနော်ရထာမင်းတရားကြီး၏ အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားကာ တည်ဆောက်လျက်ရှိသော အနော်ရထာမင်းကြီး၏ ပုဂံရွှေနန်းတော် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ငါန်းဇွန်မြို့နယ် ကျောက်တစ်လုံးမြစ်ရေတင်စီမံကိန်း ရေတင်စက်ရုံ အမှတ်(၂)ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း **ကမ္ဘာ့ဖလားအညွှန်း**

ကမ္ဘာ့လူငယ် အကောင်းဆုံး ကစားသမားဆု စီရိုနယ်ဒို ရေပန်းစားနေ

တိုဂိုအသင်းသားများ စည်းကမ်းလိုက်နာမှု အားနည်း

ကမ္ဘာ့ဖလား နောက်ဆုံး သတင်းများ စုစည်းတင်ပြသူ- မောင်မောင်မြင့်ဆွေ (စာ-၁၃)

ဆီထွက်သီးနှံနှင့် ပဲမျိုးစုံအပါအဝင် သီးထပ်စွမ်းအား ပိုမိုအောင်စိုက်ပျိုးထုတ်လုပ် စက်မှုကုန်ကြမ်း ရော်ဘာကို မေယုတောင်တန်း၌ တိုးချဲ့စိုက်ပျိုး ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်း တိုးတက်အောင်ဆောင်ရွက်

ရန်ကုန် ဇွန် ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၁၄ ရက် နံနက် ၇ နာရီခွဲတွင် ဘူးသီးတောင်မြို့မှ မလိခအမြန်ရေယာဉ်ဖြင့် ရသေ့တောင်မြို့သို့ ရောက်ရှိကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ရသေ့တောင်မြို့နယ်တွင် ဂိုးလ်ယူနီကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းသော အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ် ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

မူးယစ်ဆေးဝါးချုပ်ငြိမ်းပပျောက်ရေးကြိုးပမ်းဆောင်ရွက်

မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာ့လူသားထုတစ်ရပ်လုံးကို ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံတိုင်းက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးတိုက်ဖျက်ရေးလုပ်ငန်းကို အလေးထား ဆောင်ရွက်နေကြသည်။

မြန်မာနိုင်ငံတွင် ၁၉၉၉ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်လျက် ရှိသည်။

မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုနှင့် သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ပူးပေါင်းပါဝင်မှု စွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးများအား ရှာဖွေဖမ်းဆီး၍ ဖျက်ဆီးခြင်း၊ သယ်ဆောင် ရောင်းဝယ်သူများ၊ သုံးစွဲသူများအား တရားစွဲဆိုပြစ်ဒဏ်ချမှတ်ခြင်း၊ မူးယစ်ဆေးစွဲသူများအတွက် ပြန်လည်ထူထောင်ရေးစခန်းများ ဖွင့်လှစ်ပေးခြင်း စသည့်နည်းလမ်းများကို ကျင့်သုံးလျက်ရှိသည်။

၁၉၈၈ခုနှစ်မှ ၂၀၀၆ခုနှစ် မတ်လအထိ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးအမှုပေါင်း ၇၇၆၄၀ရှိပြီး ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၏ ခန့်မှန်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၄၃၂သန်းကျော်ရှိသည်။

ယင်းကဲ့သို့ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို ရန်ကုန်မြို့၌ (၁၉)ကြိမ်၊ နယ်စပ်ဒေသနှင့် အခြားမြို့နယ်များ၌(၃၈)ကြိမ် မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်။ မီးရှို့ဖျက်ဆီးခဲ့သည့် မူးယစ်ဆေးဝါးများ၏ ခန့်မှန်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၄၉၅သန်းအထိ ရှိခဲ့ပြီဖြစ်သည်။

မူးယစ်ဆေးစွဲသူများအတွက် ပြန်လည်ထူထောင်ရေးစခန်းနှင့် လူငယ်ပြုစုပျိုးထောင်ရေးစခန်းများကို ၂၀၀၆ခုနှစ်အတွင်း ကော့သောင်း၊ မြဝတီ၊ မူဆယ်မြို့နယ် တီးမားကျေးရွာတို့၌ ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ ယင်းစခန်း သုံးခုအပါအဝင် မြန်မာနိုင်ငံ၌ ပြန်လည်ထူထောင်ရေးစခန်း၁၂ခု ရှိလာပြီဖြစ်ကြောင်း သိရသည်။

မူးယစ်ဆေးစွဲသူများ ဆေးပြတ်တောက်ပြီး လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့လာနိုင်စေရန် အဆိုပါစခန်းများတွင် ပြုစုပျိုးထောင်ပေးပြီး အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ကြားလေ့ကျင့်ပေးလျက် ရှိသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အစွမ်းကုန် ကြိုးပမ်းမှုကြောင့် အောင်မြင်မှုများ ရရှိလျက်ရှိရာ လုံးဝချုပ်ငြိမ်းပပျောက်သွားရေးအတွက် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေ မြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့ မြေကွက်သစ် ဝယ်ယူရန်အတွက် စမ်းချောင်းမြို့နယ် မြေနီကုန်းရပ်ကွက် ဗားကရာ တောရသီလရှင် စာသင်တိုက်မှ ဆရာကြီး ဒေါ်ပညာဝတီ၊ ဒေါ်ဥတ္တမဉာဏီနှင့် တပည့်များက အလှူတော်ငွေကျပ်နှစ်သိန်းကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းမှ အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျန်းမာသန့်စွမ်းပြီး အရည်အသွေးမြင့် လူငယ်များဖြစ်လာစေရေး ၂၀၀၄ခုနှစ် မိသားစုနှင့် လူငယ်လူရွယ် စစ်တမ်းကောက်ယူခဲ့ ရရှိခဲ့သည့်အချက်အလက်များ ပွင့်လင်းစွာဝေဖန် အကြံပြုဆွေးနွေး

ရန်ကုန် ဇွန် ၁၈

ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၏ အထောက်အပံ့ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနက တာဝန်ယူ၍ ၂၀၀၄ခုနှစ် နှစ်ကုန်ပိုင်းတွင် ဆောင်ရွက်ခဲ့သော မိသားစုနှင့်လူငယ်လူရွယ် စစ်တမ်းပင်မအစီရင်ခံစာကို ဦးစီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးတို့မှ မြန်မာကိုယ်စားလှယ်များအား တင်ပြဆွေးနွေး အကြံပြုချက်ရယူသည့် အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀နာရီခွဲက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ်၄၁၆ မဟာဗန္ဓုလလမ်းရှိ ပြည်သူ့အင်အား ဦးစီးဌာန (ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**(အောက်ပုံ)**

အလုပ်ရုံဆွေးနွေးပွဲသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့မှ လက်ထောက်ဌာနေကိုယ်စားလှယ်၊ ဦးစီးဌာနနှင့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမှာစကား ပြောကြား

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကမ္ဘာတွင် အသက်၁၅နှစ်နှင့် အသက်၂၅နှစ်ကြားရှိသော လူငယ်လူရွယ် သန်းတစ်ထောင်ကျော် နှစ်ထောင်နီးပါးရှိကြောင်း၊ နောင်တစ်ချိန်တွင် ကမ္ဘာကို ဦးဆောင်ကြမည့်သူများဖြစ်ကြပြီး သူတို့၏အရေးပါလှသည့် အခန်းကဏ္ဍကို သိရှိ၍ ယခုနှစ်ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်ကို "Young People"ဟု သတ်မှတ်ပြီး သူတို့၏ အခက်အခဲများ ဖြေရှင်းပေးရန်နှင့် အလေးထား လေ့လာကူညီပံ့ပိုးပေးရန် နှိုးဆော်ထားကြောင်း၊ မြန်မာနိုင်ငံတွင် လူဦးရေ၏ ငါးပုံတစ်ပုံမှာ လူငယ်လူရွယ်များ ဖြစ်ကြပြီး လူငယ်များကျန်းမာသန့်စွမ်းပြီး အရည်အသွေးမြင့်လူငယ်များ ဖြစ်လာစေရေး လက်ရှိဆောင်ရွက်နေသည့် စီမံကိန်း၊ စီမံချက်များကို နောက်ထပ် ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် လူငယ်များနှင့် ပတ်သက်သည့် ပတ်ဝန်းကျင်အသိုင်းအဝိုင်း မိဘ၊ မိသားစုတို့၏ အခြေခံလူမှုရေး၊ စီးပွားရေးအချက်အလက်များ၊ လူငယ်များ၏ အမူအကျင့်၊ ခံယူချက်နှင့် အရည်အသွေးများ သိရှိနိုင်ရန် ၂၀၀၄ ခုနှစ် မိသားစုနှင့် လူငယ် လူရွယ်စစ်တမ်းကို ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း၊ စစ်တမ်းမှ ရရှိခဲ့သည့် အချက်အလက်များနှင့် ဆန်းစစ်လေ့လာချက်များကို ယခုအလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြဆွေးနွေးကြမည်ဖြစ်၍ တက်ရောက်လာသည့် ဌာနများနှင့် အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များက ပွင့်လင်းစွာဖြင့် ဝေဖန်သုံးသပ် အကြံပြုဆွေးနွေးကြရန် ပြောကြားသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၆-၂၀၀၆ (တနင်္လာနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ ယွန်းထည်အတတ်ပညာ
၇:၂၅ တေးဂီတအစီအစဉ်
၇:၃၀ Music Talk (ဒေါက်တာဇော်သန်း၊ခင်ညွန့်ရည်)
၈:၃၀ ပြည်တွင်းသတင်းအကျဉ်း
၈:၄၀ မူးလျှင်မမောင်းနဲ့ မောင်းလျှင်မမူးနဲ့(လူမင်း၊သူသူဟံသာ၊ အိမ်းအိမ်း)
၈:၄၅ တေးဂီတအစီအစဉ်
၈:၅၀ ဖန်ချက်စက်ရုံ (သန်လျင်)
၉:၀၅ နိုင်ငံတကာသတင်းအကျဉ်း
၉:၁၀ ကျော်ကြားထင်ရှားအနုပညာပုလဲပန်းများ (အကယ်ဒမီ ခင်ယုမေ)
၉:၄၀ တေးဂီတအစီအစဉ်
၉:၄၅ ပြည်သူ့အတွက်ကျန်းမာရေး (သားဖွားနှင့်မီးယပ်ရောဂါများအကြောင်း)
၁၀:၀၀ မိုးလေဝသခန့်မှန်းချက်
၁၀:၀၅ Language Lab [အထက(၁)ဒဂုံ]
၁၀:၃၅ တေးဂီတအစီအစဉ်
၁၀:၄၅ ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၅ တေးဂီတအစီအစဉ်
၁၁:၀၀ ကျန်းမာရေးအတွက် သန့်(၄)သန့်
၁၁:၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၅ တေးဂီတအစီအစဉ်
၁၁:၃၀ လှည်းကူးမြို့နယ် ကျွန်းအထူးစိုက်ခင်းလုပ်ငန်း
၁၁:၄၀ တေးဂီတအစီအစဉ်
၁၁:၄၅ မေးကြည့်၊ ဖြေကြည့်ပဟေဠိ
၁၁:၅၅ အရသာတစ်မူထူးခြားကိုရီးယားအစားအစာများ (ကင်မ်ချီ၊ ကြက်ဥမွှေကြော်)
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြဝတီရုပ်မြင်သံကြား

၁၉-၆-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Japan Vs Croatia (Delay)
၆:၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၆။ နိုင်ငံတကာသတင်း
၆:၂၀ ၇။ မိုးလေဝသသတင်း
၆:၂၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၉။ လျှပ်တစ်ပြက်
၇:၀၀ ၁၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့အိမ်ကလေး"** (အပိုင်း-၃၇)
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၃။ ကျန်းမာသုတ
၁၄။ မေးမြန်းစုံစမ်း
၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၆။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Saudi Arabia Vs Ukraine (Live)

၂၀-၆-၂၀၀၆ (နံနက်ပိုင်း)

၀၁:၃၀ ၁။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Spain Vs Tunisia (Live)

■ ရှေ့ဖုံးမှ

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ရသေ့တောင်မြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်၍ အမျိုးသမီးလူနာခန်း၊ မွေးလူနာခန်း၊ မွေးဖွားခန်း၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် အမျိုးသားလူနာခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တာဝန်ရှိသူများအား လူနာများကို နွေးထွေးစွာ ကြိုဆို၍ ပြုစုစောင့်ရှောက်ကုသပေးရေး၊ ဆေးရုံတိုးတက်ရေးအတွက် လိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားပြီး မြို့နယ်ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာနိုင်လင်းဗိုလ်က လက်ခံသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ရသေ့တောင်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိ၍ ဂိုလ်းယူနီ ကုမ္ပဏီ လီမိတက်က ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားကာ ကျောင်းဆောင်သစ် အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ၂၂၂ပေ၊ အနံ ၇၈ပေနှင့် အမြင့် ၁၂ပေရှိ၍ စာသင်ခန်း ၁၈ခန်းတို့ပါဝင်ပြီး မကြာမီဖွင့်လှစ်ရန် စီစဉ်လျက်ရှိသည်။ ကျောင်းဆောင်သစ် ဖွင့်လှစ်ပြီးပါက မူလသင်ကြားနေသည့် အခြေခံပညာအလယ်တန်းနှင့် အခြေခံပညာအထက်တန်းအဆင့်တို့ အပြင် မူလတန်းအဆင့်ကိုပါ တိုးချဲ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရှိရသည်။

တွေ့ဆုံမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ရသေ့တောင်မြို့ရှိ နယ်မြေခံတပ်ရင်း အစည်းအဝေးခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားပြီး အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ရသေ့တောင်မြို့နယ် မေယုခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ဖြည့်စွက်တင်ပြ

ရှေးဦးစွာ ရသေ့တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက မြို့နယ်၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တိုးတက်စိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်အတွင်း ယခုနှစ်၌ မိုးစပါးကို ဧက၁၂သိန်းအထိ တိုးတက်စိုက်ပျိုးရန် စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိသဖြင့် ရသေ့တောင်မြို့နယ် အနေဖြင့် ဒေသဆန်ဖူလုံ ပိုလျှံမှုရှိသော်လည်း နွေစပါး၊ မိုးစပါးကို ပိုမိုတိုးတက်စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံအပါအဝင် သီးထပ်စွမ်းအားပိုမိုတိုးတက်အောင် မိုးစပါးကို စောစောစိုက်၊ စောစောရိတ်ရန်လိုကြောင်း၊ စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာကို မေယုတောင်တန်းနှင့် ဇီဝဒီဇယ်ထုတ်လုပ်နိုင်သည့် ခြစ်စည်းရိုးကြက်ဆူပင်ကိုလည်း တိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ မွေးမြူရေးအနေဖြင့် ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းကို တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည့်အပြင် ပုစွန်မွေးမြူရေးနှင့် ဒေသကြက်မွေးမြူရေးကိုလည်း စနစ်တကျဆောင်ရွက်ရန် လိုကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက် ၁၀နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဝင်များ၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ ခရိုင်နှင့် မြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အဖွင့်အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ဒေါ်စောမုံညင်းက ဆောင်ရွက်ပြီး ကျပန်းစကားပြော ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအဖြစ် ဒေါက်တာမတင်ဝင်း၊ ဒေါ်ချိုချိုတင်(မစန္ဒာ)၊ဆေးတက္ကသိုလ်(၂) ပါမောက္ခချုပ် ဒေါက်တာသန်းနုရွှေ၊ မြန်မာစာဌာန အငြိမ်းစားပါမောက္ခ ဒေါ်မြမြဝင်း၊ အရှေ့တိုင်းပညာဌာန အငြိမ်းစားပါမောက္ခ ဒေါ်ခင်သိန်း၊ မီးယပ်နှင့် သားဖွားပညာဌာန ပါမောက္ခ ဒေါက်တာဒေါ်ဝင်းဝင်းမြနှင့် အဝေးသင် တက္ကသိုလ် သမိုင်းပညာဌာန ပါမောက္ခ ဒေါ်မိုမိုသန့်တို့က ဆောင်ရွက်ကြသည်။

ယှဉ်ပြိုင်

ထို့နောက် ပြိုင်ပွဲဝင်များ ဖြစ်ကြသော ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ဒုတိယနှစ် ပန်းချီအထူးပြုမှ မဝါဝါအေးကျော်က **"ယဉ်ကျေးလိမ္မာမျိုးမြန်မာ"** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပထမနှစ် (ဂုဏ်ထူးတန်း) သဘင်အထူးပြုမှ မဟေမာနှင်းလွင်က **"မိန်းမကောင်း ပန်းပန် တစ်ပွင့်တန်"** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပထမနှစ် (ဂုဏ်ထူးတန်း) သဘင်အထူးပြုမှ မမိုးမိုးကြည်က **"စောင့်လေမျိုးနွယ်"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယနှစ်ပန်းချီ အထူးပြုမှ မမေအိမ်စည်ဦးက **"ရိုးရိုးယဉ်ယဉ် ဝတ်စားဆင်"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တတိယနှစ်သဘင် အထူးပြုမှ မဖြူစင်မြတ်နိုးဝေက **"အသွားမတော် တစ်လှမ်း"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပထမနှစ် (ဂုဏ်ထူးတန်း) ဂီတအထူးပြုမှ မသင်းစုလွင်က **"အိမ်တွင်းမှု အလုပ် သိမ်းထုပ်သေချာ"** ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ဂီတပညာဌာနမှ ဆရာမများက "အောင်မင်္ဂလာယိုးဒယားသီချင်း "ဖြင့်လည်းကောင်း၊ သဘင်ပညာဌာနမှ"ဦးရွှေရိုး၊ ဒေါ်မိုး" ရုပ်သေးအကဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး **(အပေါ်ပုံ)**က ပထမဆုရ ဒုတိယနှစ် ပန်းချီအထူးပြုမှ မမေအိမ်စည်ဦး၊ ဒုတိယဆုရ ပထမနှစ် (ဂုဏ်ထူးတန်း) သဘင်အထူးပြုမှ မမိုးမိုးကြည်နှင့် တတိယဆုရ ပထမနှစ်(ဂုဏ်ထူးတန်း) သဘင်အထူးပြုမှ မဟေမာနှင်းလွင်တို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ယင်းနောက် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ်(သင်ကြား) ဒေါ်ခင်လှဌေးက နှစ်သိမ့်ဆုရရှိသောသူများအား ဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာမိန်းကလေးဆိုတာ

* မြန်မာကိုသာ
မြတ်နိုးပါ
မြန်မာမိန်းကလေး။

* မြန်မာ့ရိုးရာ
စောင့်ထိန်းပါ
မြန်မာမိန်းကလေး။

* မြန်မာ့ဂုဏ်သိက္ခာ
မြှင့်တင်ပါ
မြန်မာမိန်းကလေး။

* မြန်မာ့အကျိုးသာ
သယ်ပိုးပါ
မြန်မာမိန်းကလေး။

* မြန်မာ့မြေမှာ၊ မွေးဖွားလာလျှင်
မြန်မာတို့အကျိုး၊ သယ်ပိုးလေမှ
မြန်မာတို့သိက္ခာ၊ မြှင့်တင်ပါမှ
မြန်မာတို့ရိုးရာ၊ မြတ်နိုးပါမှ
မြန်မာ့ပြည်သူ၊ မော်ကွန်းထူလိမ့်
မတူမြေခြား၊ တိုင်းတစ်ပါးကို
အားထားမှီခို၊ မျှော်ကိုးလိုလျှင်
"သင့်ကို မြန်မာမိန်းကလေးပါ"ဟု
မြန်မာပြည်သူ၊ မမှတ်ယူဘဲ
ငြူစူစိတ်ဝမ်း၊ ရှိမြဲတမ်းကို
သင်ခန်းစာသာ၊ ယူစမ်းပါဟု
မြန်မာမိန်းကလေးတိုင်း သိမှတ်ဖွယ်။
ကဗျာလက်ဆောင် ပါးလိုက်တယ်။ ။

(၂၀၀၆ခုနှစ်ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်—)

မသီရိ(ရန်ကင်း)

၂၀၀၆ခုနှစ် ဇူလိုင်လ (၃) ရက် မြန်မာအမျိုးသမီးများနေ့

သမိုင်းစဉ်ဆက် ထက်မြက်ရှင်သန် ဇာတိမာန် နိုင်ငံအင်အား မြန်မာအမျိုးသမီးများ

ဇွန် ၁၄ရက်က ဒဂုံမြို့နယ် အမှတ် (၂) အခြေခံပညာအလယ်တန်းကျောင်း၌ အလှူရှင် ဗိုလ်မှူးကြီး အေးကျော်–ဒေါ်ဝိုင်းနုအေး၊ သား မင်းရဲထက် ကျော်၊ မောင်မင်းသန့်အေး ကျော်တို့က နွားနို့နှင့် ကြက်ဥပူတင်း ပေါင်မုန့် အာဟာရ ကျွေးမွေးလှူဒါန်းစဉ်။ (က–ပ)

ဗင်နီဇွဲလားတွင်လက်နက်စက်ရုံတည်ဆောက်မည်

ကာရာကတ် ဇွန် ၁၈

အမေရိကန်သည် ဗင်နီဇွဲလားနိုင်ငံအား ၎င်း၏လက်နက်များ မရောင်းချရန် တားမြစ်ပိတ်ပင်လိုက်ပြီးနောက်ပိုင်း ရုရှားနိုင်ငံက ဗင်နီဇွဲလားအား ဂျက်လေယာဉ် ၂၄စင်းရောင်းချမည့် အစီအစဉ်ကို ပြန်လည်စဉ်းစားသုံးသပ်ရန် ရုရှားအား အမေရိကန်က ဇွန်၁၆ရက်၌ တောင်းဆိုလိုက်သည်။

ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်အား ဒေသတွင်းတည်ငြိမ်မှုကို ခြိမ်းခြောက်နေသော သက်ဦးဆံပိုင်ဘုရင်ဟု အမေရိကန်က ခေါ်ဆိုလိုက်ပြီး စပိန်နှင့်ဘရာဇီးလေယာဉ်နှင့်စစ်သင်္ဘောများ ဗင်နီဇွဲလားသို့ရောင်းချခြင်းကိုလည်း ဆန့်ကျင် ကန့်ကွက်လိုက်သည်။

ပြောကြား

လက်တင်အမေရိကတွင် အမေရိကန် ဩဇာလွှမ်းမိုးခြင်းကို ၎င်းသည်တိုက်ခိုက်နေခြင်းဖြစ်ပြီး အမေရိကန် စစ်လက်နက်ရောင်းချခြင်းကို ပိတ်လိုက်သည့်နောက်ပိုင်း အမေရိကန်လုပ် အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်များ နေရာတွင် အစားထိုးရန်အတွက် ရုရှားနိုင်ငံလုပ် ဂျက်တိုက်လေယာဉ် ၂၄စင်းကို ဝယ်ယူခြင်းဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့တွင် ချာဗက်ဇ်က ပြောကြားလိုက်သည်။

ဝယ်ယူ

ဗင်နီဇွဲလားသည် ရုရှားနိုင်ငံမှ ရိုင်ဖယ်သေနတ်အလက်တစ်သိန်းနှင့် ရုရှားလုပ်တိုက်ခိုက်ရေးနှင့် သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်များကို ဝယ်ယူခဲ့သည်။

တည်ဆောက်

ထို့အပြင် ရုရှား အကူအညီဖြင့် ကာလက်နီကော့ဗ်ရိုင်ဖယ်သေနတ်နှင့် ခဲယမ်းမီးကျောက်စက်ရုံကိုကာရာကတ်မြို့အနီးတွင် တည်ဆောက်ရန် စီစဉ်ထားသည်။

အမ်အင်အေ၊ရိုက်တာ

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ် လက်နက်များကို စစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကန့်ကွက်ဆန္ဒပြ

အီရတ်ပြည်သူများကို အစုလိုက် အပြုံလိုက် သတ်ဖြတ်နေသော အမေရိကန် တပ်ဖွဲ့များအား ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အမေရိကန် သံရုံးရှေ့တွင် ကန့်ကွက်ဆန္ဒပြနေသည်ကို ဇွန် ၁၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်နှင့် ဖလူးဂျာ၌ တိုက်ပွဲများဖြစ်ပွား

ဘဂ္ဂဒက် ဇွန် ၁၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက် ဆင်ခြေဖုံးဒေသတွင် ဇွန်လ ၁၇ရက်က အမြောက်ကျည်ဆန်များကျရောက်မှုကြောင့် လူသုံးဦးသေဆုံးပြီး ၁၆ ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုကြောင့် ဝန်းကျင်ရှိအိမ်အချို့လည်း ပျက်စီးသွားကြောင်း ၎င်းတို့ကဆက်လက်ပြောကြားသည်။

ဒဏ်ရာရရှိ

စောစောပိုင်းကလည်း ဘဂ္ဂဒက် အလယ်ပိုင်းရှိ ရှီယိုက်ဗလီရှိအား ဗုံးခွဲတိုက်ခိုက်ခဲ့သဖြင့် လူ ၁၀ ဦးသေဆုံးပြီး ၂၅ဦးဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အခြားဆင်ဟွာ သတင်းတစ်ရပ်တွင် အနောက်ပိုင်း ဖလူးဂျာမြို့ အနီး အဝေးပြေးလမ်းတွင် ဇွန် ၁၇ ရက် နံနက် ၈နာရီဝန်းကျင်က ခရီးသွားနေသည့် ထရက်ကား ငါးစီးကို အမည်မသိ လက်နက်ကိုင်သမားများက ချုံခိုတိုက်ခိုက်သဖြင့်ယာဉ်မောင်းငါးဦးစလုံး သေဆုံးခဲ့ကြောင်း ဖော်ပြပါရှိသည်။

အမြောက်ဆန်ကျရောက်

ယင်းတိုက်ခိုက်မှုတွင် လက်နက်ကိုင်သမားများသည် ယာဉ်ကိုရပ်ခိုင်းပြီး ယာဉ်မောင်းများကိုပစ်သတ်ကာ ယာဉ်ကိုလည်းမီးရှို့ခဲ့ကြောင်း ဆင်ဟွာက ဖော်ပြသည်။ သီးခြားအဖြစ်အပျက်တစ်ခုမှာ ဖလူးဂျာမြို့၏တောင်ဘက် ၇ ကီလိုမီတာအကွာရှိ ရဲစခန်းတွင် နံနက်၇နာရီခန့်အချိန်၌အမြောက်ဆန်လေးလုံး ကျရောက်ပေါက်ကွဲခဲ့သဖြင့် အီရတ်ရဲတပ်ဖွဲ့ဝင် သုံးဦးဒဏ်ရာရရှိသွားကြောင်း သတင်းများရရှိခဲ့သည်။

ယင်းအချိန်တွင် ဘဂ္ဂဒက်၏ အနောက်ဘက်ကီလိုမီတာ ၈၀ခန့်အကွာ ခါလ်ဒီယာ့ချ် သချိုင်းအနီး အမည်မသိအလောင်းသုံးလောင်းကို အီရတ်ရဲတပ်ဖွဲ့ဝင်များက တွေ့ရှိခဲ့ကြောင်း အလောင်းများမှာ ဦးခေါင်းနှင့် ဝမ်းဗိုက်ကိုပစ်သတ်ခံထားရသည့် ပုံသဏ္ဌာန်ရှိကြောင်းဆင်ဟွာက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

အင်ဂိုလာတွင် ဝမ်းရောဂါဖြစ်ပွား လူပေါင်း ၁၇၂၇ဦးသေဆုံးခဲ့

လူအန်ဒါ ဇွန် ၁၈

အင်ဂိုလာ နိုင်ငံတွင် ယခုနှစ် ဖေဖော်ဝါရီလက ဝမ်းရောဂါများ ဖြစ်ပွားလျက်ရှိကြောင်း ကြေညာခဲ့ကတည်း က နိုင်ငံတစ်ဝန်းလုံးတွင် ဝမ်းရောဂါ ဖြစ်ပွားသူပေါင်း ၄၈၃၃ ဦးအနက် လူ၁၇၂၇ဦးထက်မနည်း သေဆုံး ခဲ့ကြောင်း ဒေသခံမီဒီယာက ဇွန်၁၅ရက်တွင် ဖော်ပြသည်။

လုပ်ရှားဆောင်ရွက်

မြို့တော်လူအန်ဒါတွင် ရောဂါဖြစ်ပွားသူ ၂၂၅၄၉ဦးရှိသည့်အနက် ၂၉၁ဦး သေဆုံးခဲ့ရာ လူပေါင်း ၇၉၇၁ ဦးဖြစ်ပွားပြီး သေဆုံးသူ ၅၀၂ဦး ရှိခဲ့သည့် ဘင်ဂွယီလာပြီးလျှင် ဒုတိယမြောက်သေဆုံးမှု အများဆုံးပင်ဖြစ်သည်။ ဖြစ်ပွားမှုနှင့် သေဆုံးမှုများ နည်းပါးကျဆင်းရေးအတွက်အင်ဂိုလာ ကျန်းမာရေးဝန်ကြီးဌာနက အသိပညာပေးရေးလုပ်ရှားဆောင်ရွက်မှုများကို ပြုလုပ်လျက်ရှိကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ လူအန်ဒါတွင်တစ်နေ့လျှင် ရောဂါဖြစ်ပွားမှု ၅၀၀ကို လုပ်ရှားဆောင်ရွက်ခဲ့ရာ အရေအတွက်၅၀ အထိ ကျဆင်းသွားခဲ့ကြောင်း ကျန်းမာရေးဒုတိယဝန်ကြီး ဂျိုးစ်ဗင်ဒူနမ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ ရေလွှမ်း ၁၆ဦးသေဆုံး၊ ငါးသိန်းနီးပါး ပြောင်းရွှေ့ခဲ့ရ

နယူးဒေလီ ဇွန် ၁၈

မိမိတို့သည် စစ်ဘက်၊ အရန်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့နှင့် ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းများအပါအဝင် အရပ်ဘက်အရာရှိများအား ဆင့်ခေါ်ကာ အချိန်တိုအတွင်း ရေလွှမ်းသည့် ဒေသများမှ ပြောင်းရွှေ့ရေးအတွက် အကူအညီပေးရန်ပြောကြားထားကြောင်း အာသံဘဏ္ဍာရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီး ဘူမီဒါဘာမင်၏ ပြောကြားချက်ကို ကိုးကား၍ သတင်းဌာနက ဖော်ပြသည်။

အက်ဆမ်တွင် မေ၃၁ရက်က စတင်ရေလွှမ်းခဲ့ပြီး ပြည်နယ်၏ဒေသများစွာတွင်ရှိသော လမ်းနှင့်မီးရထားလမ်းများကို ထိခိုက်စေသည့်အပြင် အဝေးပြေးလမ်းများပေါ်နှင့် မီးရထားလမ်းများပေါ်တွင်လည်း ရေများဖုံးလွှမ်းလျက်ရှိကြောင်း ကြေညာချက်တွင် ဖော်ပြပါရှိသည်။

အာသံပြည်နယ်ခရိုင်၂၇ခု အနက် ခရိုင် ၁၃ခုတွင် ရေလွှမ်းနေသဖြင့် ယခုအချိန်အထိ လူ၁၆ဦးသေဆုံးပြီး လူ၄၈၅၀၀၀ကို နေရာ ပြောင်းရွှေ့ပေးခဲ့ရကြောင်း စုစုပေါင်း မြေ ဟက်တာ ၅၅၀၀၀ခန့် မှာလည်း ရေမြုပ်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြပါရှိသည်။

ဆုံးရှုံး

ဗြဟ္မပုတ္တရမြစ်သည် အာသံရှိနေရာ ခုနစ်နေရာထက်မနည်းတွင် စိုးရိမ်အဆင့်ထက်ပင် ကျော်လွန်လျက်ရှိနေသည်။နှစ်စဉ်နှစ်တိုင်းပင် လူ ၂၆ သန်းရှိ ယင်းပြည်နယ်တွင် ရေလွှမ်းမှုကြောင့် ကျေးရွာများ ရေဖုံးလွှမ်းခံရခြင်း၊ ကောက်ပဲသီးနှံများ ပျက်စီးခြင်း၊ ကျွဲနွားတိရစ္ဆာန်များဆုံးရှုံးရခြင်းအပြင် လူ့အသက်ပေါင်းများစွာ သေဆုံးပြီး ပစ္စည်းဥစ္စာများလည်း ဆုံးရှုံးနစ်နာခဲ့ရသည်။

လွန်ခဲ့သည့်နှစ်က အဆိုပါ အာသံပြည်နယ်တွင် ရေလွှမ်းခဲ့ သဖြင့် လူ ၂၀၀ထက်မနည်း သေဆုံးကာ လူ၁၂ သန်းကျော်ကို ပြောင်းရွှေ့ပေးခဲ့ရကြောင်း ဆင်ဟွာက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ ရေလွှမ်းမိုးနေသည်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဒေါ်လာ ၅၁သန်းကုန်ကျမည့် မြေအောက်ဥမင်လိုဏ်ခေါင်း စင်ကာပူ၌ တည်ဆောက်မည်

စင်ကာပူ ဇွန် ၁၈

စင်ကာပူနိုင်ငံသည် မာရီနာပင်လယ်အော်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေအောက်ဥမင်လိုဏ်ခေါင်းတစ်ခုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း နယူးအာရှသတင်းဌာနက ဇွန်၁၆ရက်၌ သတင်းထုတ်ပြန်လိုက်သည်။ အဆိုပါ ဥမင်လိုဏ်ခေါင်းသည် ဆက်သွယ်ရေးကေဘယ်ကြိုးများ၊ လျှပ်စစ်ကေဘယ်လိုင်းများ၊ သောက်သုံးရေ ဖြည့်ဆည်းထောက်ပံ့ရေး ပိုက်လိုင်းများ၊ အမှိုက်နှင့် ညစ်ညမ်းရေများကို လေဖိအားဖြင့် ထုတ်ယူသည့် ပိုက်လိုင်းများလည်း ပါဝင်မည်ဖြစ်ရာအာရှ၌ ဂျပန်နိုင်ငံတွင်ရှိသော ဥမင်လိုဏ်ခေါင်းပြီးလျှင် ဒုတိယမြောက် ဥမင်လိုဏ်ခေါင်းဖြစ်လာမည်ဖြစ်သည်။

ပြီးစီးမည်

ထိုဥမင်လိုဏ်ခေါင်းတည်ဆောက်ရေး စီမံကိန်း၏ အခြေခံအဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းများကို မကြာမီအချိန်အတွင်း ပြီးစီးမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးမက်ဘောတန်က ပြောကြားသည်။

အဆိုပါ မြေအောက်ဥမင်လိုဏ်ခေါင်း၏ ပထမအဆင့် အရှည်မှာ ၁ ဒသမ ၄ ကီလိုမီတာရှည်ပြီး အမေရိကန်ဒေါ်လာ ၅၁သန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း၊ ထိုဥမင်လိုဏ်ခေါင်း၏နောက်ထပ် ဒုတိယအဆင့်အရှည်မှာ ၁ ဒသမ ၆ ကီလိုမီတာရှိပြီး ကုန်ကျမှုအမေရိကန်ဒေါ်လာ ၈၆ သန်းခန့်ရှိမည်ဖြစ်ကြောင်း၊ ဒုတိယအဆင့် ဥမင်လိုဏ်ခေါင်းတည်ဆောက်မှုကို ၂၀၀၉ ခုနှစ်တွင် ပြုလုပ်ရန် စီစဉ်ထား ကြောင်း မက်ဘောတန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ပြည်ပသို့ သရက်သီးတင်ပို့မှု ကမ္ဘာတွင် ပါကစ္စတန်တတိယအများဆုံးဖြစ်

အစ္စလမ္မာဘတ် ဇွန် ၁၈

ပါကစ္စတန်နိုင်ငံသည် ဥရောပနိုင်ငံများသို့ သစ်သီးများရောင်းချနိုင်ရန် ကြိုးပမ်းလျက်ရှိပြီး ဆော်ဒီအာရေဗျနိုင်ငံအပါအဝင် ပင်လယ်ကွေ့နိုင်ငံများရှိ ဈေးကွက်များသို့ သရက်သီးများ ပို့မိုတင်ပို့နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း အေပီပီ သတင်းဌာနမှ ဇွန် ၁၆ ရက်၌ သတင်း ထုတ်ပြန်သည်။

ဖော်ပြ

ဥရောပနိုင်ငံများသို့ သရက်သီးများ ပို့မိုတင်ပို့နိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၇ သန်းခန့်ကို ပါကစ္စတန်ပြည်ပပို့ ကုန်ဖွံ့ဖြိုးရေးရန်ပုံငွေ(အီးဒီအက်ဖ်)က ခွင့်ပြုပေးခဲ့ကြောင်းလည်း အဆိုပါသတင်းဌာနက ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ အနေဖြင့် သရက်သီးများ ပိုမိုထုတ်လုပ်နိုင်ရေးနှင့် ပိုမိုတင်ပို့နိုင်ရေးကို ပါကစ္စတန်နိုင်ငံအစိုးရက ဖြစ်နိုင်ချေရှိသည့် အချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။

ဥရောပဈေးကွက်သို့ သရက်သီးများတင်ပို့ရေးစီမံကိန်းသည် အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း ပါကစ္စတန်စီးပွားရေးဝန်ကြီး ဟုမာယန်အက်တာခန်က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံသည် ကမ္ဘာပေါ်တွင် သရက်သီး ပြည်ပတင်ပို့သည့်နိုင်ငံများ၌ တတိယအကြီးမားဆုံး နိုင်ငံဖြစ်ပြီး သရက်သီးထွက်ရှိသည့် ကမ္ဘာ့နိုင်ငံများအနက် အကြီးမားဆုံးငါးနိုင်ငံမြောက် နိုင်ငံလည်း ဖြစ်သည်။

ပါကစ္စတန်နိုင်ငံသည် နှစ်စဉ်သရက်သီး တန်၁၆၇၄၀၀၀ထွက်ရှိရာ ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃ သန်းခန့်ရရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

မော်စကို၌ ဓာတ်ငွေ့ပေါက်ကွဲမှု ဖြစ်ပွား

မော်စကို ဇွန် ၁၈

ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ငါးထပ် အဆောက်အအုံတွင် ဇွန် ၁၆ရက်က ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် လူနှစ်ဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာ ရရှိခဲ့ကြောင်း အရေးပေါ်အခြေအနေ ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မော်စကိုအနောက်တောင်ပိုင်း ဗျူကိုဗိုဒေသရှိ အဆောက်အအုံတွင် ဓာတ်ငွေ့ပိုက်လိုင်းအသစ်များ ဆက်သွယ်နေစဉ် နံနက် ၆နာရီ မိနစ်၅၀က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တတိယထပ်တွင် ပေါက်ကွဲမှုဖြစ်ပွားပြီး တတိယထပ်နှင့် စတုတ္ထထပ်ရှိ နံရံနှင့်ကြမ်းပြင်များ ပျက်စီးသွားခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

ဟောင်ကောင်၌ သားရေထည်အတုများဖမ်းမိ

ဟောင်ကောင် ဇွန် ၁၈

ဟောင်ကောင် အကောက်အခွန်ဌာနသည် ဟောင်ကောင်ဒေါ်လာ ၆၀၀၀၀ တန်ဖိုးရှိ သားရေထည်ပစ္စည်းအတုများကို သိမ်းဆည်းရမိခဲ့သည်ဟု အကောက်ခွန်ဌာနမှ ဇွန်၁၆ရက်က ပြောကြားသည်။

ယင်းပစ္စည်းများကို အင်္ဂလန်နိုင်ငံသို့ စာတိုက်မှတစ်ဆင့် ပေးပို့ရန်ဖြစ်ကြောင်း၊ အတုပြုလုပ်သူအဖွဲ့မှ အမျိုးသမီးနှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း၊ သားရေထည် ပစ္စည်း အမျိုးပေါင်း၅၈၀ကို သိမ်းဆည်း ရမိခဲ့ပြီး ဟောင်ကောင်ဒေါ်လာ ၆၀၀၀၀ ခန့် တန်ဖိုးရှိကြောင်း အကောက်အခွန် အရာရှိက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

လူစည်ကားရာနေရာ၌ ဆေးလိပ်သောက်မှု နီပေါအစိုးရ ပိတ်ပင်သွားရန်စီစဉ်နေ

ခတ္တမန္ဒူ ဇွန် ၁၈

နီပေါနိုင်ငံသည် လူစည်ကားရာနေရာများ၌ ဆေးလိပ်သောက်ခြင်းနှင့် သတင်းစာများတွင် ဆေးလိပ်ကြော်ငြာများ ထည့်သွင်းခြင်းကို ပိတ်ပင်ရန် စီမံလျက်ရှိကြောင်း အစိုးရအရာရှိတစ်ဦးက ဇွန် ၁၄ရက်တွင် ပြောကြားသည်။

အဆိုပါပိတ်ပင်မှုကို အစိုးရရုံးများ၊ ဆေးရုံများ၊ ကျောင်းများနှင့် လူထုဆက်သွယ်ရေးနေရာများတွင် ပိတ်ပင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လူအများရှိသည့် နေရာတွင် ဆေးလိပ်သောက်ခြင်းကို ပိတ်ပင်မည့် ဆေးရွက်ကြီး ထိန်းချုပ်မှုဥပဒေပြုရန် ကြိုတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးဖြစ်သူ ရီရှီရက်ဘန်ဒါရီက ရိုက်တာသို့ ပြောကြားသည်။ ဥပဒေသစ်ကို အစိုးရက မည်သည့်အချိန်တွင် ချမှတ်မည်ဆိုသည်ကိုမူ ၎င်းကပြောကြားခြင်းမရှိပေ။

နီပေါနိုင်ငံတွင် လောလောဆယ်၌ ရေဒီယိုနှင့်ရုပ်မြင်သံကြားများတွင် ဆေးလိပ်ကြော်ငြာများကို ပိတ်ပင်ထားခဲ့သည်။ နီပေါနိုင်ငံတွင် ဆေးလိပ်နှင့်ဆက်နွယ်သောရောဂါများကြောင့် နှစ်စဉ်လူပေါင်း ၁၅၀၀၀ ခန့်သေဆုံးလျက်ရှိကြောင်း ရိုက်တာကဖော်ပြသည်။

၎င်းပြင် နီပေါ၌ စီးကရက်ထုတ်လုပ်ဖြန့်ချိမှုမှာ နှစ်စဉ်အမေရိကန်ဒေါ်လာ ၅၅သန်းဖိုးရှိပြီး အလုပ်သမား ၅၀၀၀၀ခန့်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

ကွန်ဂိုနိုင်ငံအရှေ့ပိုင်း၌ အဆုတ်ရောင်ရောဂါ ဖြစ်ပွား

ဂျီနီဗာ ဇွန် ၁၈

ကွန်ဂိုသမ္မတနိုင်ငံ အရှေ့ပိုင်းတွင် လူ၁၀၀ခန့်သည် မသင်္ကာဖွယ်ရာ အဆုတ်ရောင်ရောဂါ ရောဂါဂန္ထရကပ်ဆိုက်ရောက်နေသည်ဟု သတင်းရရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က ဇွန်လ ၁၄ရက်တွင် ပြောကြားသည်။

ဖြစ်ပွား

ကွန်ဂိုနိုင်ငံ အရှေ့မြောက်ပိုင်း အီတူရီခရိုင်ဝန်းကျင်တွင် လူ ၁၉ဦး သေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြပါရှိသည်။ အဆိုပါဒေသသည် ကမ္ဘာပေါ်တွင် ရောဂါဂန္ထရကပ်အကျရောက်ဆုံး ဖြစ်ပြီး နှစ်စဉ်လူ ၁၀၀၀ခန့် ဖြစ်ပွားလေ့ရှိသည်ဟု သိရှိရသည်။

ပလိပ်ရောဂါ ဂန္ထရကပ်လည်း ဖြစ်ပွားနေသည်ဟု သတင်းရရှိကြောင်း ကုလသမဂ္ဂကျန်းမာရေး အေဂျင်စီက ပြောကြားသော်လည်း ကိန်းဂဏန်းကိုမူ ပြောကြားခြင်း မရှိပေ။

ဆောင်ရွက်

ဒဗလျူအိတ်ချ်အိုမှ အထူးကုအဖွဲ့တစ်ဖွဲ့နှင့် ဆေးဘက်ဆိုင်ရာ ကယ်ဆယ်ရေးအေဂျင်စီအပြင် ကွန်ဂိုကျန်းမာရေးဝန်ကြီးဌာနတို့က အဆိုပါဒေသ၌ ယင်းရောဂါဘေးကင်းဝေးရန် ဆောင်ရွက်လျက်ရှိကြောင်း ဒဗလျူအိတ်ချ်အို ကျန်းမာရေးအေဂျင်စီက ပြောကြားသည်။

သို့သော် အောင်မြင်ပြီးမြောက်အောင် ထိန်းချုပ်နိုင်ရေးအတွက် ခက်ခဲကြောင်း၊ အဘယ်ကြောင့်ဆိုသော် စစ်ကြောင့် အထိတ်တလန့် ဖြစ်နေသည့် အာဖရိကအလယ်ပိုင်းနိုင်ငံတစ်နိုင်ငံအနေဖြင့် လုံခြုံရေးပြဿနာများ ဆက်လက်ရှိနေသေး၍ဖြစ်ကြောင်း ၎င်းအေဂျင်စီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အသေးစားဂြိုဟ်တုတစ်လုံး ၂၀၂၀ပြည့်နှစ်၌ ဗီယက်နမ်ထုတ်လုပ်မည်

ဟန်နွိုင်း ဇွန် ၁၈

ဗီယက်နမ်နိုင်ငံသည် ၂၀၂၀ပြည့်နှစ်တွင် အသေးစားပုံစံ ဂြိုဟ်တုတစ်လုံးကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ယုသ်သတင်းစာက ဇွန် ၁၆ရက်တွင် ဖော်ပြသည်။

အာကာသနည်းပညာ၏ သုတေသနနှင့် အသုံးချမှုဆိုင်ရာ အမျိုးသားနည်းဗျူဟာဌာနက ၂၀၂၀ပြည့်နှစ်တွင် အစိုးရ၏ သဘောတူညီမှုအရ ဗီယက်နမ်သည် အထူးနည်းပညာရပ်များဖြင့် အသေးစားဂြိုဟ်တုကို ထုတ်လုပ်သွားမည်ဖြစ်ပြီး ပစ်လွှတ်စင်များနှင့် မြေပြင်စခန်းကို ၂၀၁၁-၂၀၂၀တွင် တည်ဆောက်သွားမည် ဖြစ်ကြောင်း သတင်းစာတွင် ဖော်ပြ ပါရှိသည်။

အရှိန်မြှင့်

၂၀၀၆ နှင့် ၂၀၁၀ ခုနှစ်အတွင်း ဗီယက်နမ်သည် အဓိကကိစ္စရပ်များဖြစ်သော ဆက်သွယ်ရေး၊ မိုးလေဝသ၊ သဘာဝအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင်အပြင် ဂြိုဟ်တုအခြေစိုက်အနေအထားနှင့်အတူ အာကာသနည်းပညာအသုံးချမှုကို အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

အသုံးချ

ယင်းမဟာဗျူဟာအရ ၂၀၁၀ ပြည့်နှစ်တွင် အာကာသနည်းပညာကို စာတိုက်နှင့် ဆက်သွယ်ရေးများ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနများ၊ မိုးလေဝသ၊စိုက်ပျိုးရေးနှင့် သယ်ယူပို့ဆောင်ရေးကဲ့သို့ ကဏ္ဍများ၌ ကျယ်ကျယ်ပြန့်ပြန့် အသုံးချသွားမည်ဖြစ်သည်။

ရွေးချယ်

ဗီယက်နမ်အစိုးရသည် ၂၀၀၈ ခုနှစ် မေလတွင် ဗီယက်နမ်အပါအဝင် အခြားအရှေ့တောင်အာရှနိုင်ငံများ၊ ဂျပန်၊ ကိုရီးယားကျွန်းဆွယ်၊ အရှေ့ပိုင်းသမုဒ္ဒရာဒေသနှင့် တောင်တရုတ်ပင်လယ်တို့မှ သတင်းအချက်အလက်များကို ဖမ်းယူပို့လွှတ်မည့် အလယ်အလတ်စား ဂြိုဟ်တုအတွက် နောက်ဆုံးအချိန်ကို သတ်မှတ်ရွေးချယ်ထားပြီးဖြစ်သည်။

ဗင်နာဆက် စီမံကိန်းဟုခေါ်သော ယင်းဂြိုဟ်တုစီမံကိန်းအတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ ဗီယက်နမ်ဒေါင်ငွေ ၂၈၈၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၈ဒသမ ၆သန်း) ရှိကြောင်း သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဒေါ်လာရှစ်သန်းကျော်တန် ပန်းချီကား

ဒေါ်လာရှစ်သန်းကျော်တန်ဖိုးရှိသော ပန်းချီကားတစ်ချပ်ကို ပြသထားစဉ်။ (အပေါ်ပုံ)

ရှေးခေတ်ပန်းချီပညာရှင် ပေါလ်ဇီးဇန်း၏ ၁၈၈၀ ခုနှစ်က ရေးဆွဲခဲ့သောပန်းချီကားဖြစ်ပြီး သဘာဝရှုခင်းတစ်ခုကို ရေးဆွဲထားခြင်းဖြစ်သည်။ ၎င်းပန်းချီကားကို လန်ဒန်မြို့၌ အခြားနာမည်ကျော် ပန်းချီပညာရှင်ကြီးများ၏ ပန်းချီကားများနှင့်အတူ လေလံတင် ရောင်းချမည်ဖြစ်ရာ အမေရိကန်ဒေါ်လာ ၈ဒသမ ၃သန်းရရှိမည့်ဟု ခန့်မှန်းထားသည်။ **(အင်တာနက်)**



ထူးခြားစွန့်စားဘွားဘွား

ထူးထူးခြားခြား စွန့်စားနေသော အဘွားအိုတစ်ဦးကို တွေ့ရစဉ်။ (ဝဲပုံ)

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် အသက် ၉၂နှစ်အရွယ်ရှိ အဘွားအိုတစ်ဦးမှာ အမြင့် ၆၇မီတာရှိသော အဆောက်အအုံအပေါ်ထပ်မှ မြေပြင်သို့ ခါးတွင်ကြိုးတစ်ချောင်းချည်ကာ အဆောက်အအုံ အပြင်ဘက်နံရံမှ တောက်လျှောက် ဆင်းသက်ခဲ့သဖြင့် ယခင်က အမြင့်ဆုံးစံချိန်တင်ထားခဲ့သူထက် ၁၅မီတာပိုမြင့်သည့် အမြင့်မှ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

● *ကျောဖုံးမှ*

ရုပ်ရှင်သရုပ်ဆောင် ညီကျော်

တိုဂိုနဲ့ ဆွစ်ဇာလန်ပွဲမှာ ဆွစ်ဇာလန်ကို ပိုကြိုက်တယ်။ တိုဂိုက ကမ္ဘာ့ဖလားပြိုင်ပွဲ အတွေ့အကြုံမရှိဘူး။ အင်အားသုံးကစားနိုင်ပေမယ့် ဆွစ်ဇာလန်ကို အနိုင်မကစားနိုင်ဘူးထင်တယ်။

ယူကရိန်းနဲ့ ဆော်ဒီပွဲကတော့ ကြည့်ကောင်းမယ့်ပွဲပဲ၊ ခြေသိပ်မကွာဘူး၊ ယူကရိန်းမှာ ရှက်ဗ်ချင်ကိုပါပေမယ့် တိုက်စစ် ထင်သလောက်မကစားနိုင်ဘူး၊ ဆော်ဒီအသင်းကစားတာ မာတယ်။ ခံကစားမယ်ထင်တယ်။ ယူကရိန်းခြေသာသလိုရှိပေမယ့် ဆော်ဒီကို ပိုသဘောကျတယ်။

စပိန်နဲ့ တူနီးရှားပွဲစဉ်မှာတော့ စပိန် ပထမပွဲကစားတာကောင်းတယ်။ ဂိုးသွင်းအားလည်း ရှိတယ်။ တူနီးရှားတို့ ကစားအားတင်နိုင်ပေမယ့် အဆုံးသတ်ညံ့တယ်။ စပိန်တို့ နိုင်မယ်လို့ထင်တယ်။ (မြန်မာ့အလင်း)

MISC Industry ကုမ္ပဏီလီမိတက် သစ်ခွဲစက်နှင့် သစ်အချောထည်စက်ရုံဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၁၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) စက်မှုဇုန်ရှိ MISC Industry ကုမ္ပဏီလီမိတက် သစ်ခွဲစက်နှင့် သစ်အချောထည်စက်ရုံဖွင့်ပွဲကို တက်ရောက်အားပေးသည်။

ရှေးဦးစွာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် စက်ရုံ မန်နေဂျင်းဒါရိုက်တာ ဒေါ်တင့်တင့်အောင်တို့က စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးက စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါစက်ရုံကို နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သုံးသိန်းခန့်နှင့် မြန်မာငွေကျပ်သိန်း ငါးထောင်ကျော် ရင်းနှီးမြှုပ်နှံထားသည်။ နိုင်ငံတော်မူဝါဒနှင့်အညီ ပြည်တွင်းမှ ထွက်ရှိသည့် ကျွန်း၊ သစ်မာနှင့် အခြားသားများကို လေးဘက်ချော၊ လျှာထိုး၊ ပါကေး၊ တံခါးများ၊ ပြတင်းပေါက်ဖရိန်များနှင့် ပရိဘောဂအစိတ်အပိုင်းများအဖြစ် တန်ဖိုးမြင့် သစ်အချောထည်ဖြစ်အောင် ထုတ်လုပ်ပြီး စင်ကာပူ၊ အင်ဒိုနီးရှား၊ ကိုရီးယားနှင့် ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ တာမွေမြို့နယ်နေ သာသနာပြု ယောဂီတစ်ဦးအား အမှူးထား၍ အလှူရှင် ဦးစန်းမိသားစုက ခရမ်းမြို့ ဘိုးဘွားရိပ်သာသို့ ငွေကျပ် ငါးသိန်းတန်ဖိုးရှိ ရေမြှုပ်မွေ့ရာနှင့် ခေါင်းအုံးများကို ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဝိပဿနာခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၈

အနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော မြန်မာလကွယ်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၅၉)ကြိမ်မြောက် အနာဂါမ် ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက် တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာဓမ္မရိပ်သာ၌ ဇွန် ၂၄ ရက် ညနေ ၆ နာရီတွင် ဖွင့်လှစ်မည် ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၂၅၄၉၀၆ နှင့် ၀၅၆–၂၁၄၃၂သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ပြီး တရားစခန်းဖွင့်မည့် ဇွန် ၂၄ ရက်ညနေ ၃ နာရီထက် နောက်မကျစေဘဲ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာ အသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်းသိရသည်။

(က–ပ)

အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် ဖိလစ်ပိုင်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဇွန် ၁၈

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပမည့် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ရန် ဖိလစ်ပိုင်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ Undersecretary of Health, H.E. Usec. Ethelyn P. Nieto သည် ဇွန် ၁၇ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိသည်။

အဆိုပါ ဖိလစ်ပိုင်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ Undersecretary of Health, H.E. Usec. Ethelyn P. Nieto အား ဆေးတက္ကသိုလ်(၁) ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာမျိုးမြင့်၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်ပါမောက္ခချုပ် ဒေါက်တာသန်းနုရွှေနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

(၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး

(၂၁–၆–၂၀၀၆)

ဒုတိယအကြိမ် အာဆီယံ+၃ နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး

(၂၂–၆–၂၀၀၆)

ပထမအကြိမ် အာဆီယံ+တရုတ် ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး

(၂၃–၆–၂၀၀၆)

✡ *ကျောဖုံးမှ*

ယင်းဒစ္စကာဗာရီလွန်းပြန်ယာဉ် လွှတ်တင်ရန် အဆင်သင့်ဖြစ်သည် မဖြစ်သည်ဆိုသည်မှာ အလွန်ခက်ခဲကြောင်း၊ မိမိတို့၏ နာဆာအဖွဲ့ဝင်အားလုံး၏ သဘောတူညီမှုရရှိရန်မှာ လွယ်ကူမည်မဟုတ်ကြောင်း နာဆာအုပ်ချုပ်ရေးမှူး မိုက်ကယ်ဂရက်ဖ်ဖင်းက သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

ပုံစံပြင်ဆင်

ဒစ္စကာဗာရီလွန်းပြန်ယာဉ် ပြန်လည်မလွှတ်တင်မီ ဆီလှောင်ကန်ပြင်ဆင်ထားမှုကို စစ်ဆေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ နာဆာက ၂၀၀၃ ခုနှစ်တွင် ကိုလံဘီယာလွန်းပြန်ယာဉ်ပျက်ချခဲ့ပြီးနောက် ဆီလှောင်ကန်ကို ပုံစံပြင်ဆင်ခဲ့ကြောင်း၊ ယမန်နှစ် ဇူလိုင်လက အဆိုပါဒစ္စကာဗာရီလွန်းပြန်ယာဉ် လွှတ်တင်ခဲ့ကြောင်း၊ ထိုစဉ်က ဆီလှောင်ကန်မှ ရေမြှုပ်များ ကွာကျခြင်းများရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ပျက်ကျခဲ့

ကိုလံဘီယာလွန်းပြန်ယာဉ်သည် ၂၀၀၃ ခုနှစ်က ကမ္ဘာ့လေထုထဲသို့ ပြန်ဝင်လာစဉ် အဆိုပါဆီလှောင်ကန်မှ ရေမြှုပ်များ ကွာကျခဲ့ခြင်းကြောင့် ပျက်ကျခဲ့ကြောင်း၊ ထိုစဉ်က အာကာသယာဉ်နှင့်အတူ လိုက်ပါသွားသော အာကာသယာဉ်မှူး ခုနစ်ဦးစလုံး သေဆုံးခဲ့ရကြောင်း နာဆာက ပြောကြားသည်။

ဒစ္စကာဗာရီလွန်းပြန်ယာဉ်ကို ယမန်နှစ် ဇူလိုင်လက လွှတ်တင်ရာတွင် ရေမြှုပ်များကွာကျခဲ့သော်လည်း ထိခိုက်ပျက်စီးခြင်းမှ လွတ်မြောက်ခဲ့သည်။

(ကိုးကား–အင်တာနက်)

ကလေးငယ်များအား ငယ်စဉ်၌ မိခင်နို့သာတိုက်ကျွေးသင့်

မွေးဖွားစ ကလေးငယ်များအနေဖြင့် ပထမဆုံးသောလများတွင် အစာအစာကျွေးမှုသည် အရေးကြီးကြောင်း ဘဝတစ်ခုလုံး ကျန်းမာရေးနှင့် သက်ဆိုင်လျက်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

ရေးသားဖော်ပြ

ကလေးငယ်များအနေဖြင့် မွေးဖွားပြီးစမှ ခြောက်လအတွင်း အစာအစာကျွေးမှုမှာ မိခင်နို့တစ်မျိုးတည်းသာဖြစ်သင့်ကြောင်း၊ သို့သော်လည်း ထူးခြားဖြစ်စဉ်များအရ အစားထိုးနို့မှုန့်တိုက်ကျွေးလျှင်လည်း တစ်မျိုးတည်းသာဖြစ်သင့်ကြောင်း အမေရိကန် ဆေးဘက်ဆိုင်ရာ ဂျာနယ်တစ်စောင်၌ သုတေသနပညာရှင်များက ရေးသားဖော်ပြထားသည်။

ဖြည့်စွက်အစာ

အချို့သောကလေးငယ်များသည် သတ်မှတ်ထားသည့်အချိန်ကာလထက် စောစီးစွာ ဖြည့်စွက် အစားအစာကျွေးမွေးကြသဖြင့် ရေရှည်တွင် မလိုလားအပ်သော ကျန်းမာရေးပြဿနာများနှင့် ကြုံတွေ့ရနိုင်ကြောင်း ရေးသားထားသည်။

သုတေသနပညာရှင်များက နို့ကိုအခြေခံတိုက်ကျွေးသော ကလေးငယ်များနှင့် ဖြည့်စွက်အစာကို ပေါင်းစပ်ကျွေးမွေးသော ကလေးငယ်များအား နှိုင်းယှဉ်လေ့လာခဲ့ရာ ငယ်စဉ်က မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးခြင်းခံရခဲ့ရသည့် ကလေးငယ်များ၏ ကျန်းမာရေးက ပိုမိုကောင်းမွန်ကြောင်း တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။

မိခင်နို့

ထို့အပြင် ကလေးငယ်များ ကြီးပြင်းလာသည့်အခါ အစားအစာနှင့်ပတ်သက်ပြီး စိတ်တိုင်းမကျဖြစ်သည့် အနေအထားမျိုးလည်း မိခင်နို့တစ်ခုတည်းကိုသာ တိုက်ကျွေးခြင်းခံရသည့် ကလေးငယ်များတွင် မတွေ့ရှိရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောဆိုသည်။

(ကိုးကား–အင်တာနက်)

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

ကားခထက် ရထားခက အဆပေါင်းများစွာသက်သာ
ရထားဖြင့်တက္ကသိုလ်တက်ရတာ အဆင်ပြေ၊ ရထားအချိန်မှန်စေချင်

သက်သောင့်သက်သာ လိုက်ပါစီးနင်း

ရန်ကုန်–ရွာသာကြီး (မင်းသားရထား)ပေါ်တွင် ရန်ကုန် စီးပွားရေး တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ ဤသို့ လိုက်ပါစီးနင်းလျက် ရှိကြသည်။
ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

❒ ကျော်ဖုံးမှ

ရည်ရွယ်ချက်

ထိုသို့ဆင်ခြေဖုံးရထားများပြေးဆွဲရမှုနှင့်ပတ်သက်သည့်ရည်ရွယ်ချက်ကို

ကားခဈေးနှုန်း မြင့်မားလာမှုကြောင့် ယမန်နှစ်ကထက် ရထားစီးခရီးသည် များပြားလာကြောင်း၊ မိမိတို့ရထားသည် အဓိက ကျောင်းသွားသည့် အချိန်နှင့် ကျောင်းဆင်းချိန် ဦးစားပေးကြောင်း၊ ကုန်ပစ္စည်းများကို နံနက် ၈နာရီမှ ၁၀နာရီနှင့် ညနေ ၄နာရီမှ ၆နာရီအထိ တင်ဆောင်ခွင့် မပြုပါကြောင်း။
လက်မှတ်စစ် ကိုခင်မောင်ထွေး
ဓာတ်ပုံ–သိန်းဝင်းလေး
(မြန်မာ့အလင်း)

မေးမြန်းရာ "နိုင်ငံတော်ရဲ့လမ်းညွှန်ချက်အရ ရန်ကုန်နယ်နိမိတ်အတွင်း တက္ကသိုလ်များအထိ မီးရထားများ ပြေးဆွဲပေးရန်ဆိုတဲ့အတိုင်း အကောင်အထည်ဖော်ပြေးဆွဲရခြင်းဖြစ်ပါတယ်" ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

တက္ကသိုလ်များအထိ ရထားပြေးဆွဲမှုအပေါ် ပြောကြားရာတွင် ရန်ကုန်မှ စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)သို့ နေ့စဉ် အသွားရှစ်ခေါက်၊ အပြန်ရှစ်ခေါက် ပြေးဆွဲလျက်ရှိပြီး ရန်ကုန်မှ ဒဂုံတက္ကသိုလ်သို့ အသွားကိုးခေါက်၊ အပြန်ကိုးခေါက် နေ့စဉ်ပြေးဆွဲကာ ရန်ကုန်မှ အရှေ့ပိုင်းတက္ကသိုလ်သို့ ဇွန် ၁ ရက်မှ စတင်ပြီး ကျောင်းသားကျောင်းသူများအတွက် အသွားခြောက်ခေါက်၊ အပြန် ခြောက်ခေါက် နေ့စဉ်ပြေးဆွဲပေးလျက်ရှိပါကြောင်း ဦးစိန်လွင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

အထူးသက်သာ

တက္ကသိုလ်များအထိ ရထားများ ပြေးဆွဲပေးလျက်ရှိပြီး ရထားစီးခနှုန်းများမှာလည်း ရန်ကုန်မှ စီးပွားရေး တက္ကသိုလ် ရွာသာကြီးအထိတစ်ဆယ်ကျပ်၊ ရန်ကုန်မှ ဒဂုံတက္ကသိုလ်သို့ တစ်ဆယ်ကျပ်နှင့် ရန်ကုန်မှအရှေ့ပိုင်း တက္ကသိုလ်သို့ နှစ်ဆယ်ကျပ်သတ်မှတ်ပေးထားရာ ရထားခဈေးနှုန်း အထူးသက်သာလျက်ရှိသည်။

လပေးစီးနင်းမှု

ထို့အပြင် ကျောင်းသားကျောင်းသူများလပေးစီးနင်းမှုအတွက် တစ်ဆယ်လမ်းပိုင်းအတွက် တစ်လ ကျပ် ၂၃၀၊ နှစ်ဆယ်ကျပ် လမ်းပိုင်းအတွက် တစ်လ ကျပ်၄၆၀ သတ်မှတ်ပေးထားသည်။ ရထားစီးနင်းခမှာ တစ်လလုံးအတွက် အသွားအပြန် စီးနင်းနိုင်ကြောင်း သိရသည်။

ရထားစီးနင်း ကျောင်းတက်ကြသည့် ကျောင်းသား များပြားသလိုပင် ပြည်သူများနှင့် ဝန်ထမ်းများလည်း အများအပြား စီးနင်းကြောင်း၊ လပေး စီးနင်းကြသည့် ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများအရေအတွက် နေ့စဉ် တိုးမြင့်လျက်ရှိကြောင်း သိရသည်။

အခေါက်ရေ

ရထားတစ်တွဲလျှင် လူ၅၀ ထိုင်စီးနိုင်ပြီး လူ၁၅၀ခန့် မတ်တပ်ရပ်စီးနိုင်သည့် တွဲပေါင်း ရထားတစ်စင်းလျှင် ငါးတွဲပါရှိသည်။ နံနက်ပိုင်း ရထားအခေါက်ရေ စိပ်ပေးထားပြီး ညနေပိုင်းတွင်လည်း အခေါက်ရေများပေးထားသည်။

ကားဖယ်ရီက တစ်လမှာ ကျပ်၈၀၀၀မှ ကျပ်၁၀၀၀၀ အထိရှိပြီး ရထားခက တစ်လလျှင် ကျပ် ၂၃၀ ဆိုတော့ မိမိတို့ လက်ဖက်ရည်ဆိုင် တစ်ထိုင်စာပင်မရှိ၊ မိမိတို့ကျောင်းသား ကျောင်းသူများအဖို့ ရထားအချိန်မှန် ထွက်ပေးစေချင်။
တာမွေမြို့နယ်မှ စီးပွားရေး တက္ကသိုလ် တတိယနှစ်ကျောင်းသား အောင်ပြည့်ဖြိုး။
ဓာတ်ပုံ–သိန်းဝင်းလေး
(မြန်မာ့အလင်း)

အဆင်ပြေ

မကြာမီ အချိန်အတွင်း သာစုကန်ဘူတာမှ ကွန်ပျူတာ တက္ကသိုလ်အထိ ရထားပြေးဆွဲနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

ရန်ကုန်–ရွာသာကြီး (မင်းသားရထား)ပေါ်မှ ရန်ကုန် စီးပွားရေး တက္ကသိုလ် ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရန် ရထားပေါ်မှ ဆင်းလာကြစဉ်။
ဓာတ်ပုံ–သိန်းဝင်းလေး
(မြန်မာ့အလင်း)

ထို့နောက် ရန်ကုန်–စီးပွားရေး တက္ကသိုလ် ရထားစီးပြီး ကျောင်းတက်သည့် တာမွေမြို့နယ်မှ စီးပွားရေး တက္ကသိုလ် တတိယနှစ် ကျောင်းသား မောင်အောင်ပြည့်ဖြိုးက "ရထားခမှာ သက်သာကြောင်း၊ တစ်လကျပ် ၂၃၀ မှာ မိမိတို့ လက်ဖက်ရည်ဆိုင် တစ်ထိုင်စာပင်မရှိကြောင်း၊ မီးရထားစီးရသည်မှာ သက်သောင့်သက်သာရှိပြီး အဆင်ပြေကြောင်း၊ ရထားအချိန်မှန်ရန်သာ လိုအပ်ကြောင်း" ပြောကြားသည်။

တစ်ဖန် ရထားစီးပြီးကျောင်းတက်သူ သာကေတမြို့နယ်မှ စီးပွားရေး တက္ကသိုလ် ဒုတိယနှစ်ကျောင်းသူ မနှင်းရည်အောင်က "ရထားစီးရတာ အဆင်ပြေတယ်။ စရိတ်သက်သာတယ်။ လူလဲမပင်ပန်းဘူး" ဟု ပြောကြားပြီး ဒဂုံမြို့နယ်မှ စီးပွားရေး တက္ကသိုလ် တတိယနှစ်ကျောင်းသား မောင်သူရိန်ကလည်း "ရထားတွဲများ သန့်ရှင်းပါတယ်။ ရထားစီးရတာ အဆင်ပြေတယ်။ ဈေးနှုန်းလဲ သက်သာတယ်" ဟု ဖြေကြားသည်။

ကားခထက်သက်သာ

ထို့အပြင် ဒဂုံမြို့နယ်မှ စီးပွားရေး

ပုဇွန်တောင်ဘူတာမှ ရထားစီးရသည်မှာ သက်သောင့်သက်သာရှိပြီး အဆင်ပြေပြီး ကျောင်းရှေ့နီးပါးရောက်၊ ကျောင်းသား ကျောင်းသူတွေအတွက် ရထားလမ်းတွေ ခုလို တိုက်ရိုက် ဖောက်ပေးတဲ့အတွက် အရမ်းကျေးဇူးတင်၊ ရထားအချိန် မှန်စေချင်။
ဒေါပုံမြို့နယ်မှ စီးပွားရေး တက္ကသိုလ် ပထမနှစ် ကျောင်းသူ မသွယ်သွယ်အောင်။
ဓာတ်ပုံ–သိန်းဝင်းလေး
(မြန်မာ့အလင်း)

တက္ကသိုလ်ပထမနှစ်ကျောင်းသူမိုးစက်ဖြူကလည်း "ကားခထက် ရထားခက အဆပေါင်းများစွာ သက်သာတယ်။ ရထားစီးရတာ အဆင်ပြေပါတယ်" ဟု ပြောကြားသလို ဒေါပုံမြို့နယ်မှ စီးပွားရေးတက္ကသိုလ် ပထမနှစ် ကျောင်းသူ မသွယ်သွယ်အောင်က "မိမိတို့ရထားစီးပြီး ကျောင်းတက်ရတာ ကျောင်းနားထိ ရောက်သဖြင့် အဆင်ပြေကြောင်း၊ ရထားများပြေးဆွဲပေးသည့် အတွက် ကျေးဇူးတင်ကြောင်း၊ ရထားအချိန်မှန်စေချင်ကြောင်း" ပြောကြားသည်။ တစ်ဖန် ဒဂုံမြို့နယ်မှ စီးပွားရေး တက္ကသိုလ် ပထမနှစ် ကျောင်းသူ ဖူးရတနာထွန်းကလည်း "ရထားစီးရတာ အဆင်ပြေတယ်။ ရထားခ ဈေးနှုန်း အရမ်းသက်သာတယ်။ ရထားအချိန်မှန်ထွက်စေချင်ပါတယ်" ဟု မြန်မာ့အလင်းသို့ ပြောကြားသွားသည်။ ။ **(မြန်မာ့အလင်း)**

ရထားအချိန် မှန်မှန်ထွက်စေချင်၊ သမီးတို့ရထားစီးရသည်မှာ အဆင်ပြေပြီး ရထားခ ဈေးနှုန်း အများကြီးသက်သာ။
ဒဂုံမြို့နယ်မှ စီးပွားရေးတက္ကသိုလ် ပထမနှစ်ကျောင်းသူဖူးရတနာထွန်း။
ဓာတ်ပုံ–သိန်းဝင်းလေး
(မြန်မာ့အလင်း)

မိမိတို့ ကျောင်းတက်ဖို့ ကားစီးပြီးမှ ရထားစီးရကြောင်း၊ အသွားအပြန် ကားတိုးစီးရ၍ သက်သာမှုမရှိကြောင်း၊ ရထားစီးရသည်မှာ စရိတ်လဲသက်သာပြီး လူလဲ ပင်ပန်းနွမ်းနယ်မှုမရှိ၍ အဆင်ပြေ။
သာကေတမြို့နယ်မှ စီးပွားရေး တက္ကသိုလ် ဒုတိယနှစ် ကျောင်းသူလေး မနှင်းရည်အောင်။
ဓာတ်ပုံ–သိန်းဝင်းလေး
(မြန်မာ့အလင်း)

ရထားစီးရသည်မှာ အဆင်ပြေ၊ ဈေးနှုန်းသက်သာ၍ စီးရသည်မှာ သက်သောင့်သက်သာရှိပြီး တွဲများမှာလဲ သန့်ရှင်းမှုရှိ။
ရန်ကုန်စီးပွားရေးတက္ကသိုလ် တတိယနှစ် ကျောင်းသား ဒဂုံမြို့နယ်မှ မောင်သူရိန်။
ဓာတ်ပုံ–သိန်းဝင်းလေး
(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၉–၆–၂၀၀၆ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓမ္မမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၀၀	၆။	အတီးပြိုင်ပွဲ
၈:၀၅	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၅	၈။	အရေးပြိုင်ပွဲ
၈:၂၀	၉။	ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ(ပဲခူးတိုင်း)
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	Grammar made Easy
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(သင်္ချာအထူးပြု) [သင်္ချာ]
၁၇:၁၅	၆။	အကပဒေသာ
၁၇:၂၀	၇။	မြန်မာစာ မြန်မာစကား
၁၇:၃၅	၈။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ
၁၇:၄၅	၉။	**"နင်းကြည့်စမ်းပါ"** မင်းအုပ်စိုး၊ ညီဘွား၊ ခင်စိုးပိုင် (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၇:၅၀	၁၀။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၀၀	၁၁။	ညနေခင်းသတင်း
၁၈:၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၃။	တေးဂီတအစီအစဉ်
၁၈:၅၀	၁၄။	သာကြောင်း မာကြောင်း ရွှာအကြောင်းပြောလိုက်ပုံက
၁၉:၀၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဇူလိုင်နံနက်ခင်း"** (အပိုင်း–၁)
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သူ့အိပ်မက်လှလှ"** (အပိုင်း–၃)
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

ယူကရိန်းအိမ်ပြန်မစောချင်လျှင် ဆော်ဒီကို အနိုင်ကစားရမည် ရစ်သမ်မှန်နေသည့် စပိန်အသင်း တူနီးရှားကို ဂိုးမိုးရွာပြနိုင်မလား

ရန်ကုန် ဇွန် ၁၈

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်များ ယှဉ်ပြိုင်ကစားလျက်ရှိရာ အိမ်ရှင်ဂျာမနီ၊ အီကွေဒေါ၊ အင်္ဂလန်၊ အာဂျင်တီးနား၊ ဟော်လန်(နယ်သာလန်)နှင့် ပေါ်တူဂီတို့ ပွဲမကုန်မီ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်သွားကြပြီဖြစ်သည်။ ဇွန် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် အုပ်စုဒုတိယပွဲစဉ်များအဖြစ် အုပ်စု(ဆ)မှ တိုဂိုနှင့် ဆွစ်ဇာလန်၊ အုပ်စု(ဇ)မှ ဆော်ဒီအာရေဗျနှင့် ယူကရိန်း၊ စပိန်နှင့် တူနီးရှားတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

တိုဂိုနှင့် ဆွစ်ဇာလန်

ဇွန် ၁၉ ရက် **(ယနေ့)** မြန်မာစံတော်ချိန်ည ၇ နာရီခွဲတွင် ဒေါ့မွန်မြို့ရှိ Signal Iduna Park အားကစားကွင်း၌ အုပ်စု(ဆ)မှ တိုဂိုအသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အာဖရိကတိုက်မှ မျက်နှာသစ် တိုဂိုအသင်းနှင့် ဥရောပတိုက်မှ ဆွစ်ဇာလန်အသင်းတို့၏ ပွဲစဉ်မှာ မျှော်လင့်ချက်ကိုယ်စီ ရှိနေကြ၍ အကြိတ်အနယ်ရှိမည်ဖြစ်သည်။ အာဖရိကမှ ဂါနာအသင်းက နာမည်ကြီး ချက်အသင်းကို အနိုင်ကစားပြလိုက်သည့်အချက်ကလည်း ယခုပွဲစဉ်အပေါ်သို့ အာရုံစိုက်စောင့်ကြည့်စရာ ဖြစ်နေသည်။

တိုဂိုအသင်းသည် ပွဲဦးထွက်၌ တောင်ကိုရီးယားအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရာ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ ပွဲချိန် ၃၁ မိနစ်တွင် မိုဟာမက်လာဒါက ဂိုးသွင်းယူခဲ့ရာ ပထမပိုင်းပြီးသည်အထိ တိုဂိုအသင်း အနိုင်ရနေသည်။ ပွဲချိန် ၅၄ မိနစ်တွင် အသင်းခေါင်းဆောင် အဘာလိုက ပက်ဂျီဆန်ကို ဆွဲလှဲချသဖြင့် ပြစ်ဒဏ်ဘောပေးရပြီး အဘာလို နှစ်ဝါ တစ်နီဖြင့် ထုတ်ပယ်ခြင်းခံရသည်။ အဆိုပါပြစ်ဒဏ်ဘောမှတစ်ဆင့် ချေပဂိုးပေးလိုက်ရသည့်အပြင် တိုဂိုအသင်း ၁၀ ဦးတည်းဖြင့် ကစားရသည့်အတွက် တောင်ကိုရီးယားအသင်း အသာစီးရသွားခဲ့သည်။ တိုဂိုအသင်း ခြေစွမ်းမညံ့သော်လည်း လူတစ်ယောက် လျော့သွားသည့်အခါ အရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်း ဖြစ်သည်။ ခြေရည်တူ သူတင်ကိုယ်တင်အနေအထားတွင် တစ်ယောက်အထုတ်ခံရခြင်းမှာ ကစားအားကို သိသိသာသာ ကျဆင်းသွားစေသည်။

တိုဂိုအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲမစတင်မီရက်ပိုင်းအလို၌ နည်းပြနှင့် အသင်းတာဝန်ရှိသူများအကြား ပြဿနာအချို့ရှိခဲ့သည်။ တိုဂိုနည်းပြဖစ်စတာသည် ပြိုင်ပွဲမစမီရက်ပိုင်းက အသင်းမှ ထွက်ခွာသွားသော်လည်း ဆုံးဖြတ်ချက်ကိုပြန်ပြင်ကာ တာဝန်ယူကိုင်တွယ်လျက်ရှိသည်။ တိုဂိုအသင်းက နည်းပြ ဖစ်စတာအား စာချုပ်အသစ်ချုပ်ဆိုပြီး တရားဝင် ပြန်လည်တာဝန်ပေးရန် စီစဉ်နေသော်လည်း မသေချာဘဲဖြစ်နေသည်။ နည်းပြဖစ်စတာ အသင်းမှ ယာယီနုတ်ထွက်ခဲ့ခြင်းမှာ ကစားသမားများအား ဆုကြေးငွေပေးသည့်ကိစ္စအပေါ် ညှိနှိုင်းမရ၍ဖြစ်ပြီး ၎င်းအား အသင်းသို့ ပြန်လာရန် ကစားသမားများက အပြင်းအထန် တောင်းဆိုခဲ့သည်။ အသင်း၏ စပွန်ဆာကုမ္ပဏီ Puma က ကြားဝင်၍ ညှိနှိုင်းပေးခဲ့ရာမှ ပြေလည်သွားခြင်းဖြစ်သည်။ ထိုသို့ နည်းပြနှင့် အသင်းကြား ပြဿနာပေါ်ပေါက်ခဲ့ခြင်းသည် အသင်း၏ ရလဒ်ကို အနည်းနှင့်အများ ထိခိုက်စေမည်ဖြစ်သည်။

ဆွစ်ဇာလန်အသင်း

ဆွစ်ဇာလန်အသင်းသည် ပွဲဦးထွက်၌ ပြင်သစ်နှင့် ဂိုးမရှိသရေကျခဲ့ရာ တစ်မှတ်ရရှိထားသည်။ တိုဂိုကို အနိုင်ရခဲ့လျှင် အုပ်စုတက်ရန် အလားအလာကောင်းသည်ဖြစ်ရာ ယခုပွဲကို အထူးအာရုံစိုက်ကစားမည် ဖြစ်သည်။ တိုဂိုအသင်း၏ ပါဝါတင်ပြီး ခပ်ကြမ်းကြမ်းကစားမှုကို ထိန်းနိုင်ခဲ့လျှင် ဂိုးရစရာအကြောင်းရှိသည်။ ပြင်သစ်နှင့်ပွဲတွင် ဆွစ်ဇာလန်အသင်း ဂိုးရနိုင်သည့် အခြေအနေများပင်ရှိခဲ့သည်။ သေချာပေါက်အခွင့်အရေးအချို့ တိုင်ထိထွက်ခဲ့ခြင်းနှင့် ပြင်သစ် ဂိုးသမားဘားသက်ဇ်၏ ကာကွယ်နိုင်မှုကြောင့် သရေနှင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ဆွစ်ဇာလန်တို့ ဂိုးမပေးရသော်လည်း နောက်တန်း အကောင်းကြီးမဟုတ်ပေ။ ပြင်သစ်တို့ ဂိုးသွင်းညံ့၍သာ သက်သာခဲ့ခြင်းဖြစ်သည်။

ဆွစ်ဇာလန်အသင်း၏ လက်ရှိကမ္ဘာ့အဆင့်က (၃၅)၊ တိုဂိုအသင်း၏ လက်ရှိကမ္ဘာ့အဆင့်က(၆၁) ဖြစ်သည်။ ဆွစ်ဇာလန်နှင့် တိုဂိုတို့ ယခင်က ဆုံတွေ့ခဲ့ဖူးခြင်းမရှိပေ။ တိုဂိုအသင်းမှ နောက်တန်းလူ အသင်းခေါင်းဆောင် အဘာလို ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မည်မဟုတ်ရာ အားနည်းနေသည်။ ဘောလုံးမကစားခင် ဆုကြေးကိစ္စ ခေါင်းထဲထည့်နေသည့် တိုဂိုကစားသမားများထက်စာလျှင် ဆွစ်ဇာလန်ကစားသမားများက ပြိုင်ပွဲအပေါ် ပို၍ အာရုံစူးစိုက်ထားနိုင်မည် ဖြစ်သည်။ နာမည်ကြီး ပြင်သစ်ကို သရေကစားထားသည့်အချက်ကလည်း ဆွစ်ဇာလန်ကို ပိုအားရမိသည်။ ဆွစ်ဇာလန်အသင်းတွင် နာမည်ကြီးများ မပါဝင်သည့်တိုင် ဥရောပကလပ်များ၌ ကစားနေသူများဖြစ်ကြသည်။ ဆွစ်ဇာလန်အသင်းက တစ်ဦးချင်းစွမ်းရည်ထက် အသင်းလိုက် စည်းစနစ်တကျ ကစားတတ်သည်။ တိုဂိုအသင်းက အာဖရိကအသင်းဖြစ်၍ ခပ်ကြမ်းကြမ်းကစားတတ်ရာ အနီကတ်နှင့် ထွက်ရသူများရှိလျှင် ဆွစ်ဇာလန်အတွက် အကွက်ကောင်းပင်ဖြစ်သည်။ တိုဂိုအသင်း အလွန်ဆုံး သရေလောက်သာရဖွယ်ရှိပြီး ဆွစ်ဇာလန် နိုင်မည့်ဘက်မှ အလေးသာသည်ဟု ထင်မိသည်။

ဆော်ဒီအာရေဗျနှင့် ယူကရိန်း

ဇွန် ၁၉ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ည ၁၀ နာရီခွဲတွင် ဟမ်းဘတ်မြို့ Aol Arena အားကစားကွင်း၌ အုပ်စု(ဇ)မှ ဆော်ဒီအာရေဗျအသင်းနှင့် ယူကရိန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ သရေတစ်မှတ်ရထားသော ဆော်ဒီအာရေဗျအသင်းနှင့် ဂိုးပြတ်ရှုံးထားသော ယူကရိန်းအသင်းတို့၏ပွဲစဉ်မှာ အာရှတိုက်သားတို့ မလွတ်တမ်း စောင့်ကြည့်ရမည့် ပွဲကောင်းတစ်ပွဲဖြစ်သည်။

ဆော်ဒီအာရေဗျ အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ လေးကြိမ်ဆက်တိုက် အောင်မြင်ခဲ့သလို မထင်မှတ်သောရလဒ်များ လုပ်ပြခဲ့ဖူးသော အသင်းဖြစ်သည်။ ၁၉၉၄ ကမ္ဘာ့ဖလားပွဲတွင် ဆော်ဒီအာရေဗျအသင်းက ဥရောပမှ ဘယ်လ်ဂျီယံအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ သို့သော်လည်း ၂၀၀၂ ကမ္ဘာ့ဖလား ပွဲတွင် ဂျာမနီကို ရှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ဆော်ဒီအာရေဗျတို့ ဥရောပအသင်းများကို ယှဉ်နိုင်စွမ်း မရှိလေသလောဟူသည့် မေးခွန်းများ ပေါ်ထွက်ခဲ့သည်။ ဆော်ဒီအာရေဗျ

စပိန်အသင်းနှင့် ယူကရိန်းအသင်းပွဲစဉ်တွင် စပိန်အသင်းအတွက် ဒုတိယဂိုးသွင်းယူပြီးနောက် ဒေးဗစ်ဗီလာ ဤသို့အောင်ပွဲခံ ပျော်မြူးခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

အသင်းသည် ပွဲဦးထွက်မှာ တူနီးရှားအသင်းနှင့် နှစ်ဂိုးစီသရေကျခဲ့သည်။ ဆော်ဒီအာရေဗျနှင့် တူနီးရှာပွဲမှာ မထင်မှတ်ဘဲ ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့သည်။

သန့်သန့်ရှင်းရှင်း

ခြေရည်တူသလို ကစားဟန်ပါတူသဖြင့် ဘောလုံးရသပေးစွမ်းနိုင်ခဲ့သည်။ နှစ်သင်းစလုံး ဘောလုံးကိုသာ အဓိကထား၍ သန့်သန့်ရှင်းရှင်းကစားခဲ့ကြသည်။ တူနီးရှားက ဦးဆောင်ဂိုးသွင်းယူသော်လည်း ၅၇ မိနစ်တွင် ခါတာမီက ချေပဂိုးသွင်းယူခဲ့သည်။ အယ်ကာတာနီအစား လူစားဝင်လာသည့် တိုက်စစ်မှူး အယ်ဂျာဘားက ဝင်လာပြီး နှစ်မိနစ်အကြာ ပွဲချိန် ၈၄ မိနစ်တွင် ဒုတိယဂိုးသွင်းယူနိုင်ခဲ့သည်။ ဆော်ဒီအာရေဗျအသင်း အနိုင်ရပြီဟု ထင်နေစဉ် လေလွင့်ချိန်များအတွက်အစားဖြည့်ပေးသည့်၉၂မိနစ်၌ တူနီးရှားအသင်းက ချေပဂိုးသွင်းယူ၍ သရေကျခဲ့ရခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျ အသင်းအတွက် ဒုတိယဂိုးသွင်းယူပေးသည့်တိုက်စစ်မှူး အယ်ဂျာဘားသည် အသက် ၃၃ နှစ်ဖြစ်ပြီး ကမ္ဘာ့ဖလားပွဲကို လေးကြိမ်ဆက်တိုက်ပါဝင်ကစားသည့်မှတ်တမ်းဝင်သွားသည်။ ကမ္ဘာ့ဖလားပွဲများတွင် ဆော်ဒီအာရေဗျအသင်းအတွက် လေးဂိုးသွင်းပေးထားသူ အယ်ဂျာဘားသည် ပီလီ(ဘရာဇီး)၊ မာရာဒိုနာ (အာဂျင်တီးနား)တို့ တင်ထားသည့် ၁၂ နှစ်ကြာ ဂိုးသွင်းယူသည့် စံချိန်ကို အမီလိုက်နိုင်ခဲ့ပြီဖြစ်သည်။ အယ်ဂျာဘားသည် ၁၉၉၄ ကမ္ဘာ့ဖလားပွဲတွင် မော်ရိုကိုနှင့်ပွဲ၌ ဂိုးစတင်သွင်းယူနိုင်ပြီး ၁၂ နှစ်အကြာ တူနီးရှားနှင့်ပွဲတွင် ဂိုး ထပ်မံသွင်းယူနိုင်ခြင်း ဖြစ်သည်။ ဆော်ဒီအာရေဗျအသင်း နည်းပြ မားကို့စ်ပါကွီတာသည် ကစားသမားများနှင့် အံဝင်သည့် ကစားကွက်ကို ချမှတ်နိုင်ခဲ့သည်။ ဆော်ဒီအာရေဗျ အသင်းတွင် ကစားသမားများ ထိခိုက်ဒဏ်ရာရသူမရှိဘဲ အသင်းလိုက် ညီညွတ်မှုရှိနေသည်။

ယူကရိန်းအသင်း

ယူကရိန်းအသင်းသည် ဥရောပတိုက်မှ ပထမဆုံးခြေစစ်ပွဲအောင်လာသော မျက်နှာသစ်အသင်း ဖြစ်သည်။ ပွဲဦးထွက်၌ စပိန်အသင်းကို လေးဂိုးပြတ်ရှုံးနိမ့်ခဲ့သော်လည်း ခြေစွမ်းအညံ့ကြီးမဟုတ်ကြောင်း သုံးသပ်၍ရသည်။ ယူကရိန်း လေးဂိုးပြတ် ရှုံးသည်မှာ ဘောလုံးပွဲများ၌ ဖြစ်လေ့ဖြစ်ထရှိသော မမျှော်လင့်သောရလဒ် (Up-set)ဟု ဆိုနိုင်သည်။ ယူကရိန်း တိုက်စစ်မှူး ရှက်ဗ်ချင်ကို(ချယ်လ်ဆီး)ပွဲအစအဆုံး ပါဝင်ကစားခဲ့ရာ ဒဏ်ရာပျောက်ကင်းစဖြစ်၍ ခြေစွမ်း ကောင်းစွာမပြနိုင်သေးပေ။ ယူကရိန်းအသင်း နောက်တန်းလူ ဗက်ချူ့စ် တိုက်ရိုက်အနီကတ်ဖြင့် ထွက်ခဲ့ရခြင်းမှာလည်း အားနည်းခဲ့ရသည်။ စပိန်နှင့်ပွဲ၌ တိုက်စစ်မှူး ရီဘရော့ဗ် လူအစားဝင်ကစားခဲ့ရာ နိုင်ငံတကာပွဲ ၇၁ ပွဲမြောက်ဖြစ်ပြီး ယူကရိန်းဘောလုံးသမိုင်း၌ ပွဲအများဆုံး ကစားသူအဖြစ် စံချိန်တင်နိုင်ခဲ့သည်။

ယူကရိန်းအသင်းနည်းပြ ဘလော့ကင်က စပိန်အသင်းအား လေးဂိုး–ဂိုးမရှိဖြင့် မထင်မှတ်ဘဲ ရှုံးနိမ့်ခဲ့ရခြင်းအတွက် ယူကရိန်းပရိသတ်များကို တောင်းပန်စကား ပြောကြားခဲ့သည်။ ကစားသမားများ ကစားပုံ ညံ့ဖျင်းကြောင်းလည်း ပြစ်တင်စကား ပြောခဲ့သည်။ ယူကရိန်းအသင်းသည် စပိန်အသင်းကို နှစ်ဂိုးပေးလိုက်ရပြီးနောက်ပိုင်း စိတ်လျှော့ချလိုက်ပုံရသည်။ နည်းပြ ဘလော့ကင် အပြစ်တင်သည်မှာ မမှားဟုဆိုရလောက်အောင် ကစားသမားများ ကြိုးစားအားထုတ်မှု နည်းသည်ကို တွေ့ရသည်။ ယူကရိန်းအသင်းသားများသည် အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ခဲ့ပါက ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်း ရရှိမည်ဖြစ်ကြောင်း ယူကရိန်းဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဟယ်ရီဟိုရီဆာကစ်က ပြောကြားထားသည်။ ယူကရိန်းအသင်းသားများ ဆုကြေးရရှိရန်မှာ ဆော်ဒီအာရေဗျကို အနိုင်ကစားရန် လိုအပ်နေသည်။ နည်းပြ ဘလော့ကင်က ယူကရိန်းအသင်း ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်မည်ဟု ပြောကြားထားသည်။

ယူကရိန်းအသင်း၏ လက်ရှိကမ္ဘာ့အဆင့်က(၄၅)၊ ဆော်ဒီအာရေဗျအသင်း၏ လက်ရှိကမ္ဘာ့အဆင့်က (၃၄)ဖြစ်သည်။ ဆော်ဒီအာရေဗျနှင့် ယူကရိန်းတို့ ယခင်ကဆုံတွေ့ခဲ့ဖူးခြင်းမရှိပေ။ ယူကရိန်းအသင်း၌ ရီဘရော့ဗ်၊ ရှိကော့ဗ်စကီးတို့ ဒဏ်ရာပြဿနာရှိနေသည်။ နောက်တန်းလူ ဗက်ချူ့စ်လည်း ပွဲပယ်ပြစ်ဒဏ်ကြောင့် အုပ်စုပွဲစဉ်များနှင့် လွဲချော်ပြီဖြစ်သည်။ ဆော်ဒီအာရေဗျနှင့် ယူကရိန်းတို့ကို ခြေစွမ်းချင်း နှိုင်းယှဉ်သုံးသပ်လျှင် ယူကရိန်းက တစ်ဦးချင်းရော အသင်းလိုက်ပါ သာလွန်နေသည်။ ဆော်ဒီအာရေဗျ ရှေ့တန်းဂိုးသွင်းအား တက်လာသော်လည်း နောက်တန်း အားနည်း၍ ဂိုးများ ပြန်ပေးနေရသည်။ ယူကရိန်းမှ ရှက်ဗ်ချင်ကိုနှင့် ဗိုရိုနင် တိုက်စစ်အတွဲကို ဆော်ဒီအာရေဗျ နောက်တန်း ထိန်းချုပ်နိုင်မည်မဟုတ်ပေ။ ကန္တာရသူရဲ ဆော်ဒီအာရေဗျတို့ သရေတစ်မှတ် ထပ်ရခဲ့လျှင် ကျေနပ်သင့်သည်။ ယူကရိန်းအသင်း ပထမပွဲအရှုံးကို မေ့ထားပြီး အနိုင်ကစားပြသွားမည်ဟု ထင်မိသည်။

စပိန်နှင့် တူနီးရှား

ဇွန် ၂၀ ရက် **(မနက်ဖြန်)** မြန်မာစံတော်ချိန် နံနက် ၁ နာရီခွဲတွင် စတုဂတ်မြို့ရှိ Gottlieb-Daimler-stadion အားကစားကွင်း၌ အုပ်စု(ဇ)မှ စပိန်အသင်းနှင့်တူနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ပွဲဦးထွက် ဂိုးပြတ်အနိုင်ရရှိထားသော စပိန်အသင်းနှင့် သရေတစ်မှတ် ရထားသော တူနီးရှားအသင်းတို့၏ပွဲစဉ်မှာ အနိုင်အရှုံးအဖြေထက် စပိန်အသင်း၏ ခြေစွမ်းကို အဓိကထား စောင့်ကြည့်သင့်သည်ဟု ထင်သည်။ စပိန်အသင်းသည် ချန်ပီယံကို စိန်ခေါ်နိုင်သည့် ခြေစွမ်းပိုင်ရှင်ဟု သုံးသပ်သူများရှိနေရာ မှန်မမှန်ကို ယခုပွဲ၌ အစမ်းသပ်ခံရမည်ဖြစ်သည်။

စပိန်အသင်းသည် ပွဲဦးထွက်၌ ယူကရိန်းအသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာ ပရိသတ်များ အံ့အားသင့်ခဲ့ရသည်။ စပိန်အသင်း ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းနှင့် ပတ်သက်၍ နည်းပြ အာရာဂိုးနက်စ်ကို ချီးကျူးရမည်ဖြစ်သည်။ ယခင်နည်းပြအဆက်ဆက်က ရာအူးလ်ကို ဦးစားပေးတိုက်စစ်မှူးနေရာ ပေးခဲ့သော်လည်း အာရာဂိုးနက်စ်က ရာအူးလ်ကို အရန်ခုံထိုင်ခိုင်းပြီး တောရက်စ်၊ ဂါစီယာနှင့် ဗီလာတို့ကို ပွဲထုတ်ခဲ့သည်။ စပိန်အသင်း သုံးဂိုးရပြီးမှသာ ဗီလာအစား ရာအူးလ်ကို ထည့်သုံးခဲ့ခြင်းဖြစ်သည်။ စပိန်အသင်းအတွက် ဒေးဗစ်ဗီလာက နှစ်ဂိုး၊ အလွန်ဆိုနှင့် တောရက်စ်တို့က တစ်ဂိုးစီ သွင်းယူခဲ့ကြသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို အလယ်တန်းလူ ဇာဗီက ရရှိခဲ့သည်။ စတုတ္ထဂိုးမှာ စပိန်စတိုင် တစ်ချက်ထိ အမြန်ပေးဖြင့် ရရှိခဲ့ခြင်းဖြစ်ပြီး တောရက်စ်ကန်ချက်က လန်ထွက်နေသည်။ ယူကရိန်းနှင့်ပွဲ၌ ခြေစွမ်းပြနိုင်ခဲ့သော တောရက်စ် (အက်သလက်တီကို)ကို မန်ယူနည်းပြဖာဂူဆန်က ပေါင် ၂၃ သန်းဖြင့် ခေါ်ယူရန်ပြင်ဆင်နေပြီဖြစ်သည်။

တူနီးရှားအသင်း

အာဖရိကတိုက်မှ သမ္ဘာအရှိဆုံးအသင်းဖြစ်သော တူနီးရှားအသင်းသည် အာရှသား ဆော်ဒီအာရေဗျကိုပင် သရေကျရန် မနည်းလိုက်ကစားခဲ့ရသည်။ တူနီးရှားအသင်းအတွက် အထူးအားထားရသော ဆန်းတို့စ် (တူးလော့စ်) ဒဏ်ရာရရှိထားခြင်းမှာလည်း အသင်း၏ တိုက်စစ်အားနည်းစေသည်။ ဆော်ဒီအာရေဗျနှင့်ပွဲ၌ မပါဝင်ခဲ့သလို စပိန်နှင့်ပွဲလည်း လွဲချော်မည်ဟု သိရသည်။ နည်းပြ လီမာရေး (ပြင်သစ်)ကမူ ဆန်းတို့စ်၏ ဒူးဒဏ်ရာနှင့်ပတ်သက်၍ ယတိပြတ် ပြောကြားခြင်းမရှိသေးဘဲရှိရာ လူစားလဲ ထည့်သုံးခြင်းမျိုး ရှိလာနိုင်သည်။ နည်းပြ လီမာရေးအား တူနီးရှားအသင်းကို ၂၀၀၈ ခုနှစ်အထိ ဆက်လက်တာဝန်ယူရန် စာချုပ်သက်တမ်းတိုးလိုက်ပြီဖြစ်ကြောင်း တူနီးရှားဘောလုံးအဖွဲ့ချုပ်က ကြေညာချက်ထုတ်ပြန်ခဲ့ရာ နည်းပြ လီမာရေး စိတ်အေးရပြီ ဖြစ်သည်။

စပိန်အသင်းနှင့် တူနီးရှားအသင်းတို့ ယခင်က ဆုံတွေ့ခဲ့ဖူးခြင်းမရှိပေ။ စပိန်အသင်း၏ လက်ရှိ ကမ္ဘာ့အဆင့်က(၅)၊ တူနီးရှားအသင်း၏ လက်ရှိကမ္ဘာ့အဆင့်က (၂၁)ဖြစ်သည်။ စပိန်အသင်းနှင့် တူနီးရှားအသင်းတို့ ကမ္ဘာ့အဆင့် သတ်မှတ်ချက်အရပဲ ကြည့်ကြည့်၊ အားကစားသမား စုဖွဲ့ပါဝင်နေမှုကိုပဲကြည့်ကြည့် စပိန်အသင်းက အပေါ်အသင်းဖြစ်နေသည်။ အောက်အသင်း တူနီးရှားက တစ်မှတ်ရထားသည့်အရှိန်နှင့် အထူးကြိုးစားကြမှာ ကတော့ သေချာသည်။ စပိန်အသင်းက တစ်ပွဲနှင့်တစ်ပွဲ ခြေမှန်မရတတ်သည့် ပြဿနာရှိသည်။ စပိန်အသင်းသည် နာမည်ကြီးဘောလုံးသမားများ ပါဝင်နေသော်လည်းမြင်းကောင်းခွာလိပ်ဖြစ်လေ့ရှိသည်။ ယူကရိန်းကို ဂိုးပြတ်နိုင်ခဲ့သော ခြေစွမ်းအတိုင်း ရစ်သမ်မှန်ခဲ့မည်ဆိုလျှင် စပိန်တို့ ဂိုးမိုးရွာပြဦးမည်သာ ဖြစ်သည်။

ခံစားရင်ခုန်

စပိန်အသင်းမှ တိုက်စစ်မှူး တောရက်စ်က စပိန်ပရိသတ်များသည် နိုင်ငံ့လက်ရွေးစင်အသင်းထက် ၎င်းတို့အားပေးသည့် သက်ဆိုင်ရာကလပ်အသင်းများကို ပိုမို၍ ချစ်မြတ်နိုးကြကြောင်း ဝေဖန်ပြောကြားခဲ့သည်။ စပိန်အသင်းအနေဖြင့် ပရိသတ်၏ ထောက်ခံအားပေးမှုမရဘဲ မအောင်မြင်နိုင်ကြောင်း၊ ပရိသတ်များက ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်၊ ဗလင်စီယာတို့မှ ရော်နယ်ဒင်ဟို၊ ရော်နယ်ဒို၊ ကားလို့စ်၊ ဘက်ခမ်း၊ အိုင်းမား အစရှိသည့် ကစားသမားများကိုသာ ပို၍ အားပေးလိုစိတ်ရှိနေသည်မှာ စပိန်အသင်းအတွက် အခက်အခဲတစ်ရပ်ဖြစ်ကြောင်း တိုက်စစ်မှူး တောရက်စ်က ပြောကြားသည်။ မည်သို့ပင်ဖြစ်စေ စပိန်အသင်း ခြေစွမ်းပြနိုင်သည်နှင့်အမျှ စပိန်ပရိသတ်များ အားပေးကြမည်သာဖြစ်သည်။ စပိန်အသင်းနှင့် တူနီးရှားအသင်းတို့၏ ပွဲစဉ်အပေါ် ကြိုတင်ခံစား ရင်ခုန်ကြည့်သောအခါ စပိန်ကို အနိုင်တွက်ထားကြောင်း ပွဲကြိုအဖြစ် သုံးသပ်ဖော်ပြလိုက်ရပါသည်။ ။**(မြန်မာ့အလင်း)**

သုံးသပ်ရေးသားသူ – ကိုထွေး

■ *ကျောဖုံးမှ*

မြို့နယ်တရားသူကြီး၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ဆရာဝန်ကြီး၊ မြို့နယ်ဘဏ်မန်နေဂျာနှင့် NLD ပါတီမှ နုတ်ထွက်သူများ တက်ရောက်ကြပြီး ဝိုင်းမော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးသန်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အခမ်းအနားတွင် NLD နုတ်ထွက်လွှာ ပေးအပ်သူ ပါတီဝင် ၁၃ဦးတို့၏ကိုယ်စား ဝိုင်းမော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးထောရှင်ခေါင်လွမ်းက ၎င်းတို့ NLD ပါတီမှ နုတ်ထွက်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုသည် တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ်မရှိခြင်း၊ ခေါင်းဆောင်များအကြား စိတ်ဝမ်းကွဲပြားနေခြင်း စသည်တို့ကြောင့် ၎င်းတို့အနေဖြင့် NLD ပါတီ၏ အနေအထားများအပေါ် စိတ်ကုန်ခန်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဗဟို၏ ဦးဆောင်မှု ကူညီပံ့ပိုးမှုမပေးနိုင်ကြောင်း၊ ၎င်းတို့အနေဖြင့် ယနေ့နိုင်ငံတော်အစိုးရ၏ တိုင်းပြည်နှင့် လူမျိုးအတွက် ဆောင်ရွက်ပေးနေသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလုပ်ဆောင်မှုများ၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုများကို ၎င်းတို့ဒေသ၌သာမက နိုင်ငံအနှံ့တွင်လည်း အမှန်တကယ် မျက်မြင်ကိုယ်တွေ့ သိရှိခံစားနေရပြီဖြစ်ကြောင်း၊ ၎င်းတို့ဒေသ၌ ဒေသဆိုင်ရာအာဏာပိုင်များနှင့် လက်တွဲပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကိုယ်တိုင် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူလူထုကိုလည်း ပါဝင်ဆောင်ရွက်အောင် စည်းရုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာဏာမက်မောပြီး အာဏာရရှိရေးကို အဓိကထား၍ ကိုယ်ကျိုးအတ္တကြီးမားသည့် NLD ပါတီအပေါ် လုံးဝစိတ်ဝင်စားမှု မရှိတော့သဖြင့် ၎င်းတို့၏သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် နုတ်ထွက်လွှာပေးအပ်သူ ၁၃ဦးတို့၏ကိုယ်စား ဝိုင်းမော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးယန်းကွေ့က နုတ်ထွက်လွှာများကို ဝိုင်းမော်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌထံ ပေးအပ်သည်။

ဝိုင်းမော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ကို ၁၉ဦးဖြင့် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သည် ယခင်ကတည်းက နုတ်ထွက်ခဲ့ပြီး အလုပ်အမှုဆောင် လေးဦးမှာ ကွယ်လွန်ခဲ့ပြီးဖြစ်ကြောင်း၊ ကျန်အလုပ်အမှုဆောင် ၁၃ဦးမှာ ယခုနုတ်ထွက်ကြသဖြင့် ဝိုင်းမော်မြို့နယ် NLD ပါတီအနေဖြင့် လှုပ်ရှားဆောင်ရွက်မှုမရှိတော့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဂျပန်အသင်းနှင့် ခရိုအေးရှားအသင်းတို့၏ပွဲစဉ်တွင် ဂျပန်အသင်းမှ နာကာတာ ထိုးဖောက်ကစားမှုကို ခရိုအေးရှား နောက်တန်းလူများက ဤသို့ဟန့်တားခဲ့ကြသည်။ (ဓာတ်ပုံ–အင်တာနက်)

အာရှသား ဂျပန်နှင့် ခရိုအေးရှား ဂိုးမရှိသရေကျ

ရန်ကုန် ဇွန် ၁၈

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(စ) ဒုတိယပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည၇နာရီခွဲက နုရင်ဘတ်မြို့ Fran Ker Stadion အားကစားကွင်း၌ ဂျပန်အသင်းနှင့် ခရိုအေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိသရေပွဲ ဖြစ်သွားသည်။

တစ်မှတ်စီခွဲယူ

ဂျပန်အသင်းနှင့် ခရိုအေးရှားအသင်းတို့သည် ပွဲဦးထွက်၌ ရှုံးပွဲကြုံထားသဖြင့် ယနေ့ပွဲအနိုင်ရရှိမှသာ အုပ်စုတက်ရေး အလားအလာကောင်းမည်ဖြစ်ရာ ခြေကုန်ထုတ်ကစားကြသော်လည်း တစ်မှတ်စီခွဲယူလိုက်ရသည်။ ခရိုအေးရှားအသင်းက ဘောလုံးပိုင်ဆိုင်မှု ပိုများပြီး ခြေသာသော်လည်း အဆုံးသတ်ဂိုးသွင်းယူမှု မသေချာ၍ အခွင့်အရေးများ ဆုံးရှုံးခဲ့ရသည်။ **(မြန်မာ့အလင်း)**

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဓာတ်ပုံပြိုင်ပွဲဆုရသူများကြေညာ

ရန်ကုန် ဇွန် ၁၈

၂၀၀၆ခုနှစ် ဇွန် ၂၆ရက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ/ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်စာမူများနှင့် လက်ရာများကို အကဲဖြတ်ရွေးချယ်ရေးအဖွဲ့များက စိစစ်ရွေးချယ်ပြီး ဆုရရှိသူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုပြိုင်ပွဲ

ဝတ္ထုတိုပြိုင်ပွဲတွင် ဦးသန်းလှိုင်(ကိုရေချမ်း)၏ **"ရင်ဝယ်ကြည်နူး ချမ်းမြေ့ရပါသည်"** ဝတ္ထုတိုက ပထမဆု၊ ထက်ထက်ဦးဝေ၏ **"ပီတိကြောင့် ကျတဲ့မျက်ရည်"**ဝတ္ထုတိုက ဒုတိယဆု၊ သိန်းဝင်း(မူဆယ်)၏ **"တောင်ပေါ်ကိုတံငါ တိမ်ယာဉ်စီးပါလို့"** ဝတ္ထုတိုက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဝတ်ရည်ခင်၏ **"ကောင်းကင်လမင်း တိမ်မည်းကင်းစေချင်"**၊ နေလှိုင်း(ရေတာရှည်)၏**"တိမ်စင်ကင်းတဲ့ ကောင်းကင်သစ်"**၊ ဇော်ချစ်(ဟိုင်းကြီးကျွန်း)၏ **"အလင်းထဲက အမှောင် အမှောင်ထဲက အလင်း"**၊ ရဲမာန်(ဥပဒေ)၏ **"ကမ္ဘာမကြေ ငါမသေသရွေ့"**နှင့် ဗိုလ်လောင်းလွင်ဘိုဘိုအောင်(တပ်မတော်ဆေးတက္ကသိုလ်) ၏**"မာယာဘုံမှ ဘဝသစ္စာ"** တို့က အသီးသီးရရှိကြသည်။

ဆောင်းပါးပြိုင်ပွဲတွင် မောင်စိုးထိုက်(သုံးဆယ်)၏**"မူးယစ်အန္တရာယ် လူ့ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက်"** ဆောင်းပါးက ပထမဆု၊ မစောဣန္ဒာသက်မောင်၏ **"မူးယစ်တိုက်ဖျက် လက်ချင်းယှက် အောင်ပွဲဆက်ခံ တို့နိုင်ငံ"**ဆောင်းပါးက ဒုတိယဆု၊ ထက်ထက်ဦးဝေ၏**"မူးယစ်အန္တရာယ် လူ့ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက်"** ဆောင်းပါးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ကိုသက်ဦး(မြဝတီရပ်/သံ)၏ **"သမိုင်းကကြွင်းကျန်ရစ်ခဲ့သော ပြဿနာ ရှောင်လွှဲ၍မရသော အမျိုးသားရေးတာဝန်နှင့် မဟာကြိုးပမ်းချက်ပန်းတိုင်"**၊ သွဲ့ထားညို(သက္ကလ)၏ **"မူးယစ်ကင်းစင် မြန်ပြည်တစ်ခွင် ကြည်လင်လှပလူငယ်ဘဝ"**၊ ကိုတင်လှိုင်(မိတ္ထီလာ)၏**"မူးယစ်အန္တရာယ် လူ့ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက်"**၊ ချစ်ဝိုင်း(ဥပဒေ)၏ **"မူးယစ်အန္တရာယ်လူ့ရန်စွယ် ကာကွယ်တိုက်ဖျက်လက်ချင်းဆက်"**နှင့် သက်သက်သင်း(ပညာရေး)၏ **"မူးယစ်အန္တရာယ် ပြည့်ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက်"**တို့က အသီးသီးရရှိကြသည်။

ကဗျာပြိုင်ပွဲ

ကဗျာပြိုင်ပွဲတွင် ပုဏ္ဏဝတီတင့်နှောင်၏ **"မူးယစ်အန္တရာယ် လူ့ရန်စွယ် ရှင်းဖယ်ကြလို့ လှဆင်စို့"** ကဗျာက ပထမဆု၊ သူဇာနွယ်(ဖျာပုံ)၏ **"မူးယစ်အန္တရာယ် လူ့ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက်"** ကဗျာက ဒုတိယဆု၊ ရည်မွန်အောင်(ပြည်တက္ကသိုလ်)၏ **"အန္တရာယ်မူးယစ် တိုက်ဖျက်ပစ်"**ကဗျာက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်မောင်သက်ထွန်း(လှော်ကား)၏ **"မူးယစ်ကင်းဝေး ရွှေရောင်ဖွေးလက် ပန်းတစ်ခက်"**၊ မောင်မောင်မိုးအောင်၏ **"အမျိုးသားရေး နိုးကြားသွေးဖြင့် မနေးတိုက်ဖျက် လက်ချင်းယှက်"**၊ မောင်နီမှိုင်း(ကျောက်တန်း)၏ **"ပန်းလိုလည်းမွှေးစေ စမ်းလိုလည်းအေးစေ"**၊ ခြိမ့်နိုင်၏ **"မူးယစ်ဆန့်ကျင် အောင်ပွဲဝင် ပြည်ခွင်သာယာ မင်္ဂလာ"**နှင့် ထွန်းနိုင်၏ **"နိုင်ငံတော်သစ် ရွှေပြည်ခေတ် မူးယစ်ကင်းစင်အလှဆင်"**တို့က အသီးသီးရရှိကြသည်။

တေးသီချင်းပြိုင်ပွဲတွင် မအေးမြတ်သူ(ယုဂီ)၏ **"မူးယစ် အဆိပ်ပန်း ပျက်ကြွေနွမ်းပြီ"** တေးသီချင်းက ပထမဆု၊ ထွန်းထွန်းမင်း၏**" မူးယစ်ကင်းစင် မြန်မာ"** တေးသီချင်းက ဒုတိယဆု၊ ဇော်ဟိန်း၏ **"မျိုးဖျက်ရန်သူ ဒီဘိန်းဖြူ"** တေးသီချင်းက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် ဦးညွန့်လှိုင် (ညွန့်လှိုင်ဝင်း–ကွမ်းခြံကုန်း)၏ **"ဖူးပွင့်ဝေဆာ ပန်းတို့ကမ္ဘာ"** ဦးသိန်းစိုး(သိန်းစိုးမိုး)၏ **"မူးယစ်ဆန့်ကျင် အောင်ပွဲဆင်မည်"**၊ ဦးထိန်ဝင်း(မိုးထွင့်ခေါင်)၏ **"မူးယစ်ဖယ်ရှင်း ကြယ်စင်လင်းသို့ "**၊ လေးနိုင်မင်း(မြဝတီ) ၏ **"ဆန့်ကျင်မနေး မူးယစ်ဆေး"**နှင့် ကျော်မင်းထွင့်၏ **"မူးယစ်ကင်းစင် တို့မြေတစ်ခွင်"**တို့က အသီးသီးရရှိကြသည်။

ပန်းချီပြိုင်ပွဲ

အသက်၁၀နှစ်အောက် ပန်းချီပြိုင်ပွဲတွင် မခိုင်မေသူ ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းက ပထမဆု၊ မဖူးသဉ္ဇာနိုင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းက ဒုတိယဆု၊ မဆုထိပ်ထား အလက(၁) အလုံက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မခင်ကြေးမုံဦး ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်း၊ မောင်သူရပိုင်စိုး အထက(၆) ပုသိမ်၊ မမျက်သွယ်စိုး အမက(၈) သဃ်န်းကျွန်း၊ မဟန်နီထက်ထက် အထက(၁၄) ချမ်းအေးသာစံ နှင့် မနီလာရွှန်းလက် အထက(၁) ဒဂုံတို့က အသီးသီးရရှိကြသည်။

အသက် ၁၀–၁၅ နှစ်အောက် ပန်းချီပြိုင်ပွဲတွင် မအေးမြတ်သူ အထက(၂) လသာကပထမဆု၊ မပွင့်မြတ်သူ အထက(၂) လသာက ဒုတိယဆု၊ မောင်စည်သူအောင် အထက(၅) တာမွေက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်ထက်နိုင်လင်း အထက(၁) ဒဂုံ၊ မထူးထက်ထက်လင်း မြို့မ အလက ကျောက်တန်း ၊ မမေထူးမြတ်မွန် မြို့မအလက ကျောက်တန်း၊ မောင်သက်ပိုင်စိုး အထက (၆) ပုသိမ်နှင့် မောင်မင်းသန့်ကျော် အထက(၄) တောင်ကြီးတို့က အသီးသီး ရရှိကြသည်။

အသက်၁၅–၂၀နှစ်အောက် ပန်းချီပြိုင်ပွဲတွင် မောင်ဇင်ကိုကို အထက (၄) အလုံက ပထမဆု၊ မောင်ဝင်းမြတ်သူ ဒဂုံတက္ကသိုလ်က ဒုတိယဆု၊ မောင်အောင်ကျော်သူ အဝေးသင်တက္ကသိုလ် ပုသိမ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မဇင်မာငြိမ်း ယဉ်ကျေးမှုတက္ကသိုလ်၊ မောင်ဗဟိန်း အထက(၆)ပုသိမ်၊ မဇာဇာမြင့် အထက(၃)မော်လမြိုင်၊ မောင်ဘုန်းကြွယ် အထက(၂)မရမ်းကုန်းနှင့် မောင်ကျော်မြတ်သူ အထက(၃)ပခုက္ကူတို့က အသီးသီးရရှိကြသည်။

အသက်၂၀အထက် ပန်းချီပြိုင်ပွဲတွင် ရဲထွင့်အောင်(လောကနတ်ပန်းချီ) က ပထမဆု၊ ဦးအောင်မိုး(ရှမ်းလေးပန်းချီ)က ဒုတိယဆု၊ မသဇင်စိုးမြင့် တာမွေမြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးမောင်မောင်(ကျောက်တန်း)၊ ပန်းချီကျော်မြင့်နိုင်(တောင်ငူ)၊ ပန်းချီခင်ခင်လေး(တောင်ငူ)၊ ဦးကျော်ဆင့် တောင်ဥက္ကလာပမြို့နယ်နှင့် မောင်နိုင်ထူးကျော် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တို့က အသီးသီးရရှိကြသည်။

ကာတွန်းပြိုင်ပွဲ

အသက်၁၀နှစ်အောက် ကာတွန်းပြိုင်ပွဲတွင် မခင်ကြေးမုံဦး ရန်ကင်း ပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းက ပထမဆု၊ မဖူးသဉ္ဇာနိုင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းက ဒုတိယဆု၊ မောင်မြတ်ခေါင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်သန်းထူးအောင် အမက(အရှေ့)ကျောက်တန်း၊ မပန်းအိမ်ခြွေနိုင် အထက (၂) ကျောက်တန်း၊ မောင်ကျော်စိုးဟန် အထက(၃)ပဲခူး၊ မောင်စောဝေဖြိုးဟိန်း အထက(၃) ဗန်းမော်နှင့် မဖြိုးဖြိုးမြတ်သူ အထက(၂)ဒဂုံတို့က အသီးသီးရရှိကြသည်။

အသက်၁၀–၁၅နှစ်အောက် ကာတွန်းပြိုင်ပွဲတွင် မောင်ရဲဇာနည်အောင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းက ပထမဆု၊ မနှင်းနွယ်နွယ်အောင် အမက(ရွှေကုန်း) ကျောက်တန်းက ဒုတိယဆု၊ မောင်ထက်နိုင်လင်း အထက(၁) ဒဂုံက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်သူရဇာနည်အောင် အလက(၄)ကျိုင်းတုံ၊ မဆုဝေဖြိုး အထက(၂)မင်းဘူး၊ မပွင့်မြတ်သူ အထက(၂) လသာ၊ မထူးထက်ထက်လင်း မြို့မအလက ကျောက်တန်းနှင့် မောင်သန့်ဇင်ဟိန်း ပန်းဘဲတန်းကျောင်း တောင်ငူတို့က အသီးသီးရရှိကြသည်။

အသက်၁၅–၂၀နှစ်အောက် ကာတွန်းပြိုင်ပွဲတွင် မောင်ဇင်ကိုကို အထက (၄) အလုံက ပထမဆု၊ မောင်ဝင်းမြတ်သူ ဒဂုံတက္ကသိုလ်က ဒုတိယဆု၊ မောင်ဝေယံမြင့် အထက(၃)ဗန်းမော်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မနိုနိုထူး အထက(၃) မြောက်ဥက္ကလာ၊ မောင်ဗဟိန်း အထက(၆)ပုသိမ်၊ မောင်ရဲမြတ်အောင် အထက(၂)ဒဂုံဆိပ်ကမ်း၊ မောင်ဟိန်းကိုကို အနောက်ပိုင်းတက္ကသိုလ်နှင့် မောင်အောင်ပြည့် ကွန်ပျူတာကောလိပ် လွိုင်ကော်တို့က အသီးသီးရရှိကြသည်။

အသက် ၂၀အထက် ကာတွန်းပြိုင်ပွဲတွင် မသဇင်စိုးမြင့် တာမွေမြို့နယ်က ပထမဆု၊ ဦးကျော်စွာ(ကာတွန်းချစ်သူ)က ဒုတိယဆု၊ ကာတွန်းနီလာမြင့် (မြို့တော်စည်ပင်)က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးခင်မောင်ဦး (ရွှေကိုဦး)၊ ဦးဌေးအောင်(ကာတွန်းဌေးအောင်)၊ ဦးသိန်းထွန်း (ကာတွန်းသိန်းထွန်း)၊ တပ်ကြပ်ကြီးအောင်ကျော် (ကာတွန်းအောင်ကျော်)နှင့် ဦးစန်းလွင်(ကာတွန်းမောင်မောင်စန်းလွင်)တို့က အသီးသီးရရှိကြသည်။

အသက် ၁၀နှစ်အောက် ပိုစတာပြိုင်ပွဲတွင် မောင်သူရပိုင်စိုး အမက(၂၄) ပုသိမ်က ပထမဆု၊ မခင်ကြေးမုံဦး ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းက ဒုတိယဆု၊ မဖူးသဉ္ဇာနိုင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မနီလာရွှန်းလက် အထက(၁) ဒဂုံ၊ မခိုင်မေသူ ရန်ကင်း ပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်း၊ မဆုထိပ်ထား အလက(၁)ဒဂုံ၊ မောင်ကျော်ဇင်သန့် အထက(၁၄) ချမ်းအေးသာစံနှင့် မောင်ခိုင်သန်း အထက(၄) တောင်ကြီးတို့က အသီးသီးရရှိကြသည်။

ပိုစတာပြိုင်ပွဲ

အသက် ၁၀–၁၅နှစ်အောက် ပိုစတာပြိုင်ပွဲတွင် မောင်စည်သူအောင် အထက(၅)တာမွေက ပထမဆု၊ မနှင်းနွယ်နွယ်အောင် အမက(ရွှေကုန်း) ကျောက်တန်းက ဒုတိယဆု၊ မအေးမြတ်သူ အထက(၂)လသာက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ဟိန်းဝဏ္ဏ အထက(၃) ကြည့်မြင်တိုင်၊ မမေထူးမြတ်မွန် မြို့မအလက ကျောက်တန်း၊ မောင်ထူးထက်ကျော် မြို့မ အလက ကျောက်တန်း၊ မပွင့်မြတ်သူ အထက(၂) လသာနှင့် မောင်နေမျိုးထိုက် အမက (၁၁) မူလွန် မဟာအောင်မြေမြို့နယ်တို့က အသီးသီးရရှိကြသည်။

အသက် ၁၅–၂၀အောက် ပိုစတာပြိုင်ပွဲတွင် မောင်ရဲမြတ်အောင် အထက(၂)ဒဂုံဆိပ်ကမ်းက ပထမဆု၊ မောင်ဇင်ကိုကို အထက(၄)အလုံက ဒုတိယဆု၊ မခင်ချမ်းမြေ့သူ အထက(၂) လမ်းမတော်က တတိယဆုများ ရရှိကြပြီး၊ အထူးဆုများအဖြစ် မောင်ဝင်းမြတ်သူ ဒဂုံတက္ကသိုလ်၊ မဇင်မာငြိမ်း ယဉ်ကျေးမှုတက္ကသိုလ်၊ မောင်အောင်မြတ် အထက(၅)တောင်ကြီး၊ မဟေမာန်သော်တာငြိမ်း အထက(၃)ကျိုင်းတုံနှင့် မသီရိထွန်း အထက(၁)ကျောက်တန်းတို့က အသီးသီးရရှိကြသည်။

အသက် ၂၀အထက် ပိုစတာပြိုင်ပွဲတွင် ရဲထွင့်အောင်(လောကနတ်ပန်းချီ)က ပထမဆု၊ ဦးဇာနည်ထွန်း ရေကြောင်းအင်ဂျင်နီယာက ဒုတိယဆု၊ ဦးဌေးအောင်(ကာတွန်းဌေးအောင်)က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မအေးအေးဖြူ ဒဂုံတက္ကသိုလ်၊ ဦးဇော်ထက် ကျောက်တန်း၊ ဦးကျော်စွာ (ကာတွန်းချစ်သူ)၊ မောင်ကျော်ဆင့် တောင်ဥက္ကလာပမြို့နယ်နှင့် ဦးညွန့်ဦး (စိုးမင်းပန်းချီ)တို့က အသီးသီးရရှိကြသည်။

ကွန်ပျူတာပန်းချီ အလယ်တန်းဆင့်ပြိုင်ပွဲတွင် မောင်ထက်နိုင်လင်း အထက(၁) ဒဂုံက ပထမဆု၊ မောင်သက်ပိုင်စိုး အထက(၆) ပုသိမ်က ဒုတိယဆု၊ မောင်ဖြိုးဟိန်းသွင် အထက(၁၆) မန္တလေးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မခင်ဦးမွန် အထက(၄) စစ်တွေ၊ မနေခြည်သန်းဝင်း အလက(၄) မကွေး၊ မောင်ဟိန်းဇာလင်း အလက(၄) မော်လမြိုင်၊ မသက်ပုံချစ် အလက(၁) ပုသိမ်နှင့် မဖြိုးအိဇင် အထက(၁) တာမွေတို့က အသီးသီးရရှိကြသည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲ

ကွန်ပျူတာပန်းချီ အထက်တန်းဆင့်ပြိုင်ပွဲတွင် မောင်ကောင်းမြတ်ထူး အထက(၂)စစ်တွေက ပထမဆု၊ မအေးဖြူငြိမ်း အထက(၁၆) မန္တလေးက ဒုတိယဆု၊ မောင်နိုင်အုပ်ကျော် အထက(၂) ကမာရွတ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မအိမွန်ကျော် အထက(၃) ပဲခူး၊ မဖြိုးသဉ္ဇာအောင် အထက(၁) ပန်းဘဲတန်း၊ မောင်နိုင်လင်းအောင် အထက(၄) မော်လမြိုင်၊ မယုဝါအောင် အထက(၁) လမ်းမတော်နှင့် မောင်ကောင်းမြတ်စည်သူ အထက(၁)တာမွေတို့က အသီးသီးရရှိကြသည်။

ကွန်ပျူတာဒစ်ဂျယ်တယ်ပိုစတာအလွတ်တန်းပြိုင်ပွဲတွင် မောင်အောင်သူရ ရွှေတောင်မြို့က ပထမဆု၊ မောင်စိုင်းစိုးလှိုင် ကျိုင်းတုံမြို့က ဒုတိယဆု၊ မစိမ်းလဲ့လဲ့ထက် မင်းလှမြို့က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မသက်နှင်းခိုင် (စမ်းချောင်း)၊ မောင်သန်းဇော် (ကျောက်တံတားမြို့နယ်)၊ မောင်ဇော်လင်းထက်(ကျောက်တန်းမြို့နယ်)၊ ဒေါ်မူမူချစ်(အထကခွဲ–ပေါက်မှော်)နှင့် စိုင်းရစ်ချတ်ဂူးဘရိုင်း(ပုသိမ်)တို့က အသီးသီးရရှိကြသည်။

ဓာတ်ပုံပြိုင်ပွဲ

ဓာတ်ပုံအလွတ်တန်းပြိုင်ပွဲတွင် ဦးရန်နောင်ထွန်း(တောင်ကြီး)က ပထမဆု၊ ဦးသံတိုင်ထွန်း (မုံရွာ)က ဒုတိယဆုနှင့် အေးကေမိုး(သတ္တဗေဒ)တို့က တတိယဆုတို့ အသီးသီးရရှိကြသည်။

ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုသာ ၂၀၀၆ခုနှစ် ဇွန်၂၆ရက်တွင် ရန်ကုန်မြို့ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်၌ ဆုများချီးမြှင့်ပြီး ကျန်အထူးဆုရရှိသူများအား သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှတစ်ဆင့် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားဘဝကာကွယ်ရေးတာဝန်

၂၀ရာစု ကုန်ခါနီးမှာဖြစ်ပွားခဲ့တဲ့ ကိုဆိုဗိုပဋိပက္ခဆိုတာကို မှတ်မိကြဦးမယ်လို့ ထင်ပါတယ်။ ပြီးခဲ့တဲ့ လပိုင်းအတွင်းကမှ ကွယ်လွန်သွားခဲ့တဲ့ ဆလိုဗိုဒန်မီလိုဆီဗစ်ချ်ရဲ့ အစိုးရကို ဖြုတ်ချဖို့ အကြောင်းပြပြီး ဆင်နွှဲခဲ့တဲ့ အမေရိကန်နဲ့ နေတိုးအပေါင်းပါတွေရဲ့ ၂၀ရာစုနှောင်းပိုင်း ခေတ်သစ်စစ်ပွဲကြီးတစ်ပွဲ ဖြစ်ပါတယ်။ ကမ္ဘာ့စူပါပါဝါ ဆိုသူတို့ရဲ့ တစ်ဖက်သတ်စစ်ပွဲကြီး တစ်ပွဲလဲဖြစ်ခဲ့ပါတယ်။ ရက်ပေါင်း ၆၀ကျော် နေ့စဉ်မပြတ် ခေတ်သစ်လက်နက်ဆန်းများနဲ့ ဝေဟင်က ပစ်ခတ်တိုက်ခိုက်ခဲ့တဲ့ စစ်ကြီးတစ်စစ်ပါ။ အိမ်နီးချင်းနိုင်ငံတွေထဲ ဝင်ပြေးခဲ့ကြရတဲ့ ဆားဗီးယားဒုက္ခသည် ပြည်သူတွေဟာလဲ သိန်းနဲ့ချီခဲ့တာပါ။ နောက်ဆုံး ဆလိုဗိုဒန်မီလိုဆီဗစ်ချ်အစိုးရက စစ်ပြေငြိမ်းရေး ကမ်းလှမ်းလို့ စစ်ပြီးခဲ့ပါတယ်။ သို့သော်လဲ ဒီစစ်ကြီးပြီးဆုံးခဲ့ခြင်းဟာ လေကြောင်းစစ်ပွဲကြောင့်လား၊ မြေပြင်တပ်တွေ ထိုးစစ်ဆင်မှာကို ကြိုတင်တွက်ဆလို့လား၊ အခြားနိုင်ငံရေးအကြောင်း တစ်ခုခုကြောင့်လား ဘာကြောင့်လဲဆိုတာကို ယနေ့အထိ စစ်သမိုင်းပညာရှင်များက ဖော်ထုတ်နိုင်ဖို့ မရေရာသေးဘူးလို့ ဆိုပါတယ်။

ဘာပဲဖြစ်ဖြစ် နေတိုးနဲ့ အပေါင်းပါများ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဆုံးရှုံးပျက်စီးခဲ့ရတဲ့ အဆုံးအရှုံးတွေ၊ အပျက်အစီးတွေအတွက် နိုင်ငံပြန်လည်တည်ထောင်ရေးဟာ ၂၀၂၀ပြည့်နှစ်တိုင်အောင် လုပ်လဲမပြီးနိုင်ပါဘူးဟု ဖော်ထုတ်ခဲ့ကြပါတယ်။ ဒါကရုပ်ဝတ္ထုပိုင်းသာဖြစ်ပြီး နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ စိတ်ပိုင်းဆိုင်ရာကို ပြန်လည်တည်ဆောက်ဖို့ဆိုတာကတော့ မပါဝင်ခဲ့ပါဘူး။ ၁၉၉၀ပြည့်လွန်နှစ်များက ကမ္ဘာ့သတင်းစာမျက်နှာတွေမှာ တခမ်းတနား ဖော်ပြခဲ့တဲ့ ကိုဆိုဗိုပဋိပက္ခဟာ စစ်ပွဲကြီးပြီးဆုံးသွားချိန်နောက်ပိုင်း ၂၁ရာစုနှစ်သစ်အတွင်း ကမ္ဘာ့မီဒီယာမှာ ဘာမှ မကြားမမြင်ကြရတော့ပါဘူး။ အဲဒီဒေသက နိုင်ငံသူ၊ နိုင်ငံသားတွေဟာ တကယ်ကော ငြိမ်းချမ်းပျော်ရွှင်နေကြပြီလား၊ ချမ်းသာနေကြပြီလား၊ အစိုးရတွေ တည်တည်ငြိမ်ငြိမ်နဲ့ ရှေ့ဆက်ခရီးနှင်နေကြပြီလား။ ဘာတစ်ခုမှ ရေရေရာရာ မသိကျရတော့ပါဘူး။ သို့သော်လဲ အဲဒီနိုင်ငံရဲ့ ပြည်သူလူထုနဲ့ ယဉ်ကျေးမှုအမွေအနှစ်များစွာကို ပျက်စီးဆုံးရှုံးစေခဲ့တဲ့ ကိုဆိုဗိုစစ်ပွဲ ဆိုတာကတော့ တကယ်ဖြစ်ပွားခဲ့ပြီးပါပြီ။

၂၁ရာစုအစမှာ ဖြစ်ခဲ့တဲ့ အာဖဂန်စစ်ပွဲဟာ တစ်ကမ္ဘာလုံးမသိသူမရှိခဲ့တဲ့ စစ်ပွဲတစ်ပွဲပါ။ အမေရိကန်တို့ရဲ့ Operation Infinite Justice ဆိုတဲ့ အကြောင်းပြချက်နဲ့ ဆင်နွှဲခဲ့တဲ့ စစ်ပွဲကြီးတစ်ပွဲဆိုတာကို သိကြမှာပါ။ ဖြစ်စဉ်ကတော့ 9/11 ဆိုတဲ့အကြမ်းဖက်မှုက စခဲ့တာပါ။ ၂၀၀၁ခုနှစ် စက်တင်ဘာ၁၁ရက်က အမေရိကန်မြေမှာ အမေရိကန်တွေ သွေးမြေကျခဲ့ရတဲ့အတွက် နေ့မဆိုင်းဘဲ ချက်ချင်းတန်ပြန်ခဲ့တဲ့စစ်ပါ။ နယူးယောက်က ကုန်သွယ်ရေးညီနောင် အဆောက်အအုံ ပြိုကျပြီး နာရီပိုင်းအတွင်းမှာပဲ အာဖဂန်နစ္စတန် ကဘူးလ်မြို့တော်မှာ ဘယ်က ပစ်လိုက်မှန်းမသိတဲ့ Tomahawk ဒုံးကျည်တွေ လာရောက် ပေါက်ကွဲလို့ နေခဲ့ပါတယ်။ ဒီလိုနဲ့ အမေရိကန်တို့က အာဖဂန်စစ်ပွဲကြီးကို စတင်ခဲ့ပါတယ်။ ၃၉ရက်ကြာ လေကြောင်းဗုံးကြဲမှုအပြီး နောက်ပိုင်း အာဖဂန်ကရှိရင်းစွဲ မြောက်ပိုင်းကသူပုန်တွေနဲ့ အမေရိကန်တို့ ပူးပေါင်းပြီး ပြေမြင်ထိုးစစ်ဆင်ခဲ့ပါတယ်။ တစ်နိုင်ငံလုံး ကျေမွပျက်စီးခဲ့ရပြီး အဆုံးအရှုံးကတော့ ရေတွက်မရှိတော့ပါဘူး။ နောက်ဆုံး တာလီဘန်အစိုးရ ပြုတ်ကျခဲ့ရပါတယ်။ တကယ်ဆိုရင် အာဖဂန်ပြည်သူတွေ လွတ်လပ်ပျော်ရွှင်ကြပြီပေါ့၊ ချမ်းသာကြပြီပေါ့လို့ ထင်ကြပါမယ်။

သို့သော်လဲ နိုင်ငံတကာရဲ့ အကူအညီဆိုတာကို ခဏပန်းလောက်သာ ကမ္ဘာ့သတင်းစာမျက်နှာမှာ တွေ့ခဲ့ကြရပြီး ယခုတော့အာဖဂန်အရေးဟာ ကမ္ဘာနဲ့ ဝေးသွားပါပြီ။ အာဖဂန်နစ္စတန်ရဲ့ လက်ရှိ အဖြစ်အပျက်အမှန်တွေကို ဖော်ထုတ်တင်ပြတဲ့ သတင်းနဲ့ ဆောင်းပါးမျိုးကို မတွေ့ရတော့တာက နှစ်နဲ့ချီနေပါပြီ။ ဘာပဲဖြစ်ဖြစ် အမေရိကန်တို့ ဆင်နွှဲခဲ့တဲ့ အာဖဂန်နစ္စတန်စစ်ပွဲကြောင့် စစ်အတွင်း သေကျေဆုံးရှုံးခဲ့ရတဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေ၊ ပါကစ္စတန်နိုင်ငံအတွင်းကို အလုံးအရင်းနဲ့ ထွက်ပြေးခဲ့ကြရတဲ့ ဒုက္ခသည်တွေအတွက် စိတ်ပိုင်းဆိုင်ရာ ပြန်လည် တည်ထောင်ပေးဖို့ လုပ်ငန်းစဉ်တွေကို အမေရိကန်တွေက ဘယ်လိုလုပ်နေကြတယ်ဆိုတာကို မသိရတော့ပါဘူး။

၂၁ရာစုအတွင်း နောက်ဆုံးသမိုင်းတင်ထားရတဲ့ စစ်ပွဲကတော့ Operation Iraqi Freedom ဆိုတဲ့ အီရတ်လွတ်မြောက်ရေးစစ်ပွဲဖြစ်ပါတယ်။ ဘဂ္ဂဒက်ကျဆုံးချိန်တိုင်အောင် စစ်ဆင်ရေးကာလဟာ သုံးပတ်ပဲကြာတယ်ဆိုပေမယ့် တကယ်တော့ မျက်မှောက်အချိန်အထိ စစ်ကြီးမပြီးဆုံးသေးပါဘူး။ ယနေ့ ရုပ်မြင်သံကြားဖန်သားပြင်က

ရဲရင့်တင့်ဆွေ

International News မှာ လူဆယ်ဂဏန်းအုပ်စုတွေ ဗုံးကွဲပြီးသေပြီဆိုတဲ့ Breaking News မျိုးကို ကြားရပြီဆိုတာနဲ့ အီရတ်မှာပဲဟော့လို့ မျက်စိမှိတ် ပြောနိုင်နေပါပြီ။ စစ်အတွင်းက ဆီးရီးယားဘက်ကို ထွက်ပြေးခဲ့ကြရတဲ့ စစ်ပြေးဒုက္ခသည်တွေဟာလဲ နည်းမှမနည်းပါဘဲ။ နောက်ဆုံးတော့ အမေရိကန်တို့ဟာ ဆက်ဒမ်ဟူစိန်အစိုးရကို ဖြုတ်ချနိုင်ခဲ့ပြီဆိုတာနဲ့ပဲ ကျေနပ်ရမယ့်ပုံပါ။ တကယ်တမ်း စစ်ပွဲကြောင့် အီရတ်ပြည်သူလူထုရဲ့ စိတ်ပိုင်းနဲ့ရုပ်ပိုင်းဆိုင်ရာ ခံစားချက်တွေအတွက် ပြန်လည်တည်ထောင်ရေး လုပ်ငန်းစဉ်ဆိုတာ မတွေ့ရသလောက်ပါပဲ။ ဒါကြောင့်လဲ ယနေ့ အမေရိကန်စစ်တပ်ထဲက အရာရှိကြီးတွေကိုယ်တိုင်က အီရတ်မှာ ထူထောင်ရေးလုပ်ငန်းတွေ၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို တစ်နိုင်တစ်ပိုင် လုပ်ပေးတာကသာ စစ်ပွဲမှာ စစ်လက်နက်တွေ သုံးနေတာထက် ပိုအကျိုးရှိနိုင်ကြောင်း သုံးသပ်ပြောဆိုနေကြပါတယ်။ ဘာပဲဖြစ်ဖြစ် အီရတ်ကျူးကျော်စစ်ပွဲကြီးကတော့ ကမ္ဘာ့သမိုင်းဝင်ခဲ့ပါပြီ။ ဒီစစ်ပွဲကြောင့် ဆုံးရှုံးပျက်စီးခဲ့ရတဲ့၊ ဆက်လက်ကြုံတွေ့နေရဆဲဖြစ်တဲ့ အီရတ်ပြည်သူလူထုရဲ့ ဘေးဒုက္ခတွေကို အမေရိကန်တို့ ဆက်လက်ပြီး တာဝန်ယူပေးကြရမှာဖြစ်ပါတယ်။ သို့သော်လဲ တကယ်တမ်း အမေရိကန်တို့အနေနဲ့ အီရတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်နေတာတွေဟာ စေတနာပါရဲ့လား၊ အရာထင်ရဲ့လားဆိုတာ မသေချာလှပါဘူး။

တကယ်တော့ အထက်မှာဖော်ပြတဲ့ စစ်ပွဲသုံးပွဲစလုံးဟာ တည်ဆဲနိုင်ငံအစိုးရတွေနဲ့ သဘောချင်းမတိုက်ဆိုင်မှုတစ်ခုကို အကြောင်းပြုပြီး ကမ္ဘာကိုအဲဒီနိုင်ငံတွေမှ ပြည်သူလူထုလွတ်မြောက်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ ဒေသတည်ငြိမ်ရေးဆိုတာတွေနဲ့ မျက်လှည့်ပြလှည့်စားပြီး ကျူးကျော်တိုက်ခိုက်ခဲ့တဲ့၊ ကမ္ဘာ့နိုင်ငံအများစုက လက်မခံမနှစ်မြို့ခဲ့ကြတဲ့ တရားမျှတမှုမရှိသော စစ်ပွဲတွေပါ။ မတရားသော စစ်တွေပါ။ ဒီစစ်ပွဲတွေကြောင့် ဆုံးရှုံးသွားရတဲ့နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေအတွက် စစ်ပွဲကို စတင်ဖန်တီးသူက တာဝန်ယူပေးရမှာပါ။ စစ်ဖြစ်ဖို့ လှုံ့ဆော်အားထုတ်သူဖြစ်ခဲ့တာနဲ့အညီ နိုင်ငံပြန်လည်ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာဖို့လဲ တာဝန်ယူရမှာပါ။ ဒါပေမယ့် တကယ်တမ်း ဒီတာဝန်ကို စစ်ပွဲစတင်သူက တာဝန်ယူထမ်းရွက်နေရဲ့လားဆိုတာ ဆန်းစစ်ရင်လုံးဝမသေချာ မရေရာတဲ့ အဖြေကိုသာတွေ့ကြရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ တစ်ဆက်တည်းဖော်ပြလိုတာကတော့ မြန်မာနိုင်ငံအကြောင်းဖြစ်ပါတယ်။ ယနေ့မြန်မာနိုင်ငံအခြေအနေဟာ ဒေသတွင်းအိမ်နီးချင်းနိုင်ငံများအပေါ် လုံခြုံရေးအရ ခြိမ်းခြောက်မှုတစ်စုံတစ်ရာ လုံးဝမရှိပါ။ မြန်မာနိုင်ငံမှာ ပြည်တွင်းစစ်ဆိုတာမရှိပါ။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ တစ်နည်းဆိုရရင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာထွန်းကားရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။ အောင်မြင်မှုတွေလဲ ရရှိနေပါတယ်။ တကယ်တော့ KNUဆိုတာ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ၁၉၄၉ခုနှစ်ကတည်းက ပေါ်ပေါက်လာခဲ့တဲ့ ပြည်တွင်းသောင်းကျန်းသူ လက်ကျန်တစ်စုသာဖြစ်ပါတယ်။ အဲဒီအချိန်ကတည်းက တပ်မတော်ဟာ နိုင်ငံတော်ကာကွယ်ရေးနဲ့ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းတဲ့စစ်ဆင်ရေးတွေ ဆင်နွှဲခဲ့ရတာကို ပြည်သူအားလုံးအသိပါ။ တစ်ချိန်တည်းမှာပင် ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)သောင်းကျန်းသူတွေကို အမြစ်ပြတ်ချေမှုန်းခဲ့ရတာပါ။ ကွမ်းလုံရက် ၄၀ တိုက်ပွဲမျိုးဟာ အထင်ကရဖြစ်ပါတယ်။ အဲဒီတုန်းကတော့ အမေရိကန်တို့က မြန်မာ့တပ်မတော်ဟာ ကွန်မြူနစ်ကိုတိုက်တာဆိုပြီး ချီးမွမ်းခန်းဖွင့်တဲ့အပြင် လက်နက်တံစိုးလက်ဆောင်တောင် ထောက်ပံ့လိုခဲ့တာပါ။ ဒါပေမယ့် မြန်မာနိုင်ငံက လက်မခံခဲ့ပါဘူး။ နောက်ဆုံးတော့ ကမ္ဘာမှာ စစ်အေးလဲပြီး၊ ကွန်မြူနစ်စနစ်လဲ ဗုန်းဗုန်းလဲချိန်နောက်ပိုင်း Unipolar World ဖြစ်လာချိန် မြန်မာနိုင်ငံအတွင်း လက်တစ်ဆုပ်စာသာကျန်နေတဲ့ KNU သောင်းကျန်းသူကို ပြည်သူများအား ဒုက္ခမပေးနိုင်အောင် မြန်မာ့တပ်မတော်က ဆောင်ရွက်လာရတဲ့ အချိန်မှာတော့ မြန်မာအစိုးရအပေါ် ဆန့်ကျင်ဘက်ပြုနေတဲ့ အမေရိကန်တို့က "ငါနဲ့မတူ ငါ့ရန်သူ"ဆိုပြီး သတ်မှတ်ခဲ့တာပါ။ **တကယ်တမ်း အကြမ်းဖက်လုပ်ရပ် အမျိုးမျိုးဖြစ်တဲ့ ပြန်ပေးဆွဲ၊ မိုင်းထောင်၊ ဗုံးခွဲ၊ ဆက်ကြေးကောက်၊ လူသစ်စု၊ အဓမ္မကျင့်၊ ရွာမီးရှို့စသော လုပ်ရပ်အမျိုးမျိုးကို ဒေသခံပြည်သူလူထုအပေါ် နှစ်ပေါင်းများစွာ ပြုမူနေတဲ့ KNU လို အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ လုပ်ရပ်ဟာ ယနေ့ကမ္ဘာက သတ်မှတ်ထားတဲ့ အကြမ်းဖက်လုပ်ရပ်တွေနဲ့ တစ်တန်းတစ်စားတည်း ဖြစ်ပါတယ်။**

ဒါကြောင့် KNU သောင်းကျန်းသူတွေ ပြည်သူလူထုအပေါ်မှာ အကြမ်းဖက်လုပ်ရပ်တွေ မကျူးလွန်နိုင်အောင် လိုအပ်သောလုံခြုံရေးအကာအကွယ် ပေးရတာတွေဟာ တရားသောဆောင်ရွက်ချက် ဖြစ်ပါတယ်။ အမိနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် နယ်မြေစိုးမိုးရေးလုပ်နေရတာ ဖြစ်ပါတယ်။

တကယ်တော့ သူတစ်ပါးနိုင်ငံကို ကျူးကျော်ဝင်ရောက်ပြီး အဲ့ဒီနိုင်ငံ ပြည်တွင်းရေးကို အတင်းအဓမ္မကိုယ်ထိလက်ရောက် စစ်အင်အားသုံးကျူးလွန်ကာ အဆုံးထိ တာဝန်မယူလိုသော၊ တာဝန်မဲ့သော အင်အားကြီးသူတို့ရဲ့ မတရားသောစစ်တွေကသာ ၂၁ရာစု ကမ္ဘာကိုအကျည်းတန်အရုပ်ဆိုးစေတာပါ။ ဒေသလုံခြုံရေးကိုသာမက ကမ္ဘာ့လုံခြုံရေးကိုပါ ထိပါးစေတာ ဖြစ်ပါတယ်။ သက်ဆိုင်ရာနိုင်ငံသူ၊ နိုင်ငံသားတွေကို စစ်ဘေးဒုက္ခသည်များအဖြစ် အမှန်တကယ် အတိဒုက္ခရောက်စေခဲ့တာပါ။ ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် နယ်မြေစိုးမိုးမှုရရှိအောင် ဆောင်ရွက်ပေးနေတာကို မလိုလားလို့ ဒုက္ခသည်များအဖြစ် ထွက်ပြေးတိမ်းရှောင်နေကြရ ပါတယ်ဆိုပြီး အကြောင်းပြလှုံ့ဆော်စွပ်စွဲနေမှုတွေဟာ တစ်ဖက်က နိုင်ငံရေးအမြတ်ထုတ်တာဖြစ်သလို တစ်ဖက်ကလည်း စစ်ရေးအရ ထွက်ပေါက်ရှာတာဖြစ်ပါတယ်။ KNU ရဲ့အကြမ်းဖက်အဖျက်လုပ်ရပ်တွေကို ရင်ဆိုင်ကြုံတွေ့နေရတဲ့ ဒေသခံပြည်သူလူထုအတွက် ရင်နာစရာ ကောင်းလှပါတယ်။ ဒါ့ကြောင့်မို့ တစ်နိုင်ငံလုံးအကျိုး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအကျိုးနဲ့ မိမိတစ်သင်းတစ်ဖွဲ့ရဲ့အကျိုးကို ပိုင်းခြားတွေးခေါ် မြော်မြင်နိုင်စွမ်းမရှိဘဲ မျက်ကန်းတစ်ဇွတ်ထိုး ပုဆိန်ရိုးဆက်မလုပ်ဖို့၊ သွေးချင်းညီအစ်ကိုချင်း ကိုယ်ချင်းစာနာတတ်ဖို့ တိုက်တွန်းလိုပါတယ်။ မတရားသောစစ်နဲ့ တရားသောစစ်ဆိုတာကို အမြင်ကြည်ကြည်လင်လင်နဲ့ ပြန်လည်သုံးသပ် ဆုံးဖြတ်နိုင်ဖို့ စေတနာအမှန်နဲ့ ပိုင်းခြားဆန်းစစ်တင်ပြလိုက်ရပါတယ်။ ။

> **တကယ်တမ်း အကြမ်းဖက်လုပ်ရပ်အမျိုးမျိုးဖြစ်တဲ့ ပြန်ပေးဆွဲ၊ မိုင်းထောင်၊ ဗုံးခွဲ၊ ဆက်ကြေးကောက်၊ လူသစ်စု၊ အဓမ္မကျင့်၊ ရွာမီးရှို့ စသော လုပ်ရပ်အမျိုးမျိုးကို ဒေသခံ ပြည်သူလူထု အပေါ် နှစ်ပေါင်းများစွာ ပြုမူနေတဲ့ KNU လို အကြမ်းဖက် သောင်းကျန်းသူတွေရဲ့ လုပ်ရပ်ဟာ ယနေ့ကမ္ဘာက သတ်မှတ်ထားတဲ့ အကြမ်းဖက်လုပ်ရပ်တွေနဲ့ တစ်တန်းတစ်စားတည်းဖြစ်။**

သန်လျင်တပ်နယ်ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲကျင်းပ တပ်နယ်၊တပ်ရင်း၊တပ်ဖွဲ့အလိုက်လျာထားချက်အပြည့်အဝစိုက်ပျိုး

ရန်ကုန် ဇွန် ၁၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင်တပ်နယ်၏ ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်၍ နိုင်ငံတော်၏ စက်သုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်ကို တပ်နယ်၊တပ်ရင်း၊တပ်ဖွဲ့များအလိုက် လျာထားကေအတိုင်း အပြည့်အဝစိုက်ပျိုးကြရန် အမှာစကားပြောကြားသည်။

ထို့နောက် သန်လျင်တပ်နယ်မှူး ဗိုလ်မှူးကြီးတင်ဦးက တပ်နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး ပြီးစီးမှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လိုက်လံကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက ခြံစည်းရိုးကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး **(ယာပုံ)** တပ်နယ်အတွင်း ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ စစ်သည်၊ မိသားစုဝင်များ၏ ခြံစည်းရိုး ကြက်ဆူပင် စုပေါင်းစိုက်ပျိုးနေမှုကို လိုက်လံ ကြည့်ရှု အားပေးကြသည်။

အမှတ်တရစိုက်ပျိုးပေး

ယင်းနောက် တိုင်းမှူးသည် သန်လျင်မြို့နယ်ရှိ မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်ရှေ့၌ ကျင်းပသည့် သန်လျင်မြို့နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့တက်ရောက်၍ ပျိုးပင်များကိုပေးအပ်ပြီး ခြံစည်းရိုး ကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ဇွန် ၁၃ ရက်က ဒေါ်ခေမာသီဂီ၊ ဒေါ်သီဂီ (ဓမ္မာစရိယ)အား ရည်စူး၍ တပည့် မဓေယျသီဂီ၊ မနိပုဏ္ဏနှင့် မဓမ္မသီဂီတို့က သိန်း ၅၀၀ တန်ဖိုးရှိ သဃ်န်းကျွန်းမြို့နယ် စံရိပ်ငြိမ် ကျောင်းတိုက်အား ဆရာတော် အရှင် ဇဝန(ပဲခူး) နယ်လှည့်သာသနာပြု ဓမ္မကထိကထံ သံဃနာယက ဆရာတော်ကြီးများ ရှေ့မှောက်၌ ရေစက်ချ လှူဒါန်းစဉ်။ (က–ပ)

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးခြင်း၏အကျိုးသက်ရောက်မှုရှင်းလင်း မိသားစုဝင်ငွေတိုးတက်ရရှိမှုအခြေအနေများပြောကြား

နေပြည်တော် ဇွန် ၁၈

နေပြည်တော်တိုင်းစစ်ဌာနချုပ် လယ်ဝေးတပ်နယ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၇ နာရီခွဲက နေပြည်တော် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းဝင်း၌ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်က ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်း၏ အကျိုးသက်ရောက်မှုများနှင့် မိသားစုဝင်ငွေ တိုးတက်ရရှိနိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ခရိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးမှတ်ကြီးက ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးနည်းစနစ်များနှင့် အကျိုးရှိအသုံးဝင်ပုံများကိုရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးက တပ်နယ်၊တပ်ရင်း၊တပ်ဖွဲ့များသို့ ခြံစည်းရိုး ကြက်ဆူပင်များကို ဖြန့်ဝေပေးပြီး ခြံစည်းရိုး ကြက်ဆူပင်ကို စိုက်ပျိုးပေးသည်။ ဆက်လက်၍ တိုင်းမှူးသည် တက်ရောက်လာကြသူများ၏ ခြံစည်းရိုး ကြက်ဆူပင် ၁၂၀၀၀ ကို တပျော်တပါးစုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ်မီးလောင်ကုန်း ကျေးရွာအုပ်စု ငှက်ပျောတော ကျေးရွာရှိ တောင်သူကိုဦးတို့၏ လယ်ဧက ၂၀ ၌ စက်မှုလယ်ယာ ဦးစီးဌာနမှ လက်တွန်းထွန်စက် ၁၀ စီးကို ကြက်ဆူဆီဖြင့် လက်တွေ့သရုပ်ပြထွန်ယက်ခြင်းနှင့် နွားအရှည်း၄၀တို့ဖြင့် မိုးစပါးစုပေါင်းထွန်ယက်ပွဲတို့ကို ကူညီအားပေးပြီး တောင်သူများနှင့်တွေ့ဆုံသည်။

မှာကြား

ယင်းနောက် ရေအိုးစဉ် ကျေးရွာအုပ်စု ရွှေရိုးလေးကျေးရွာရှိ အမှတ်(၁) စိုက်ပျိုးရေး ရှေ့တန်းစခန်း၌ တောင်သူများနှင့်တွေ့ဆုံ၍ ဆွေးနွေးပွဲကျင်းပရာမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကမြို့နယ်၏ စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းအခြေအနေများကို လည်းကောင်း၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးလှမြင့်က မိုးစပါးဧကတင်း ၁၀၀ ကျော်ထွက်ရှိရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက စိုက်ပျိုးရေး၊ ဒေသတည်ငြိမ်အေးချမ်းသာယာရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၂)၊ အမှတ်(၂၄) ကျန်းမာရေးအထူးထုတ်ဖြန့်ချိ

ရန်ကုန် ဇွန် ၁၈

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၄)တွင် နှလုံးသွေးကြောကျဉ်းရောဂါကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခွဲစိတ်စရာမလိုဘဲ စရိတ်သက်သာစွာဖြင့် ကုသနိုင်ပြီ၊ ဆေးလိပ်စသောက်သည့် သုံးစက္ကန့်အတွင်း ခန္ဓာကိုယ်အစိတ်အပိုင်းများအား အန္တရာယ်ဖြစ်ပေါ်စေ စသည့် ပြည်တွင်း မျက်မှောက် ကျန်းမာရေး သတင်းများ၊ အထူးကုဆရာဝန်ကြီးများ၏ ဆောင်းပါးများ၊ သုံးသပ်ချက်များ၊ အင်တာဗျူးများအပါအဝင် တိုင်းရင်းဆေးဝါး၊ အနောက်တိုင်းဆေးဝါးများနှင့်ပတ်သက်၍ သိကောင်းစရာ သတင်းအချက်အလက်များကို ဆေးဝါးနှင့်ကျန်းမာရေး အထူးထုတ်စာစောင်အဖြစ် ယနေ့ထွက်ရှိလာသည်။

ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်တွေထဲက ပရိသတ်အကြိုက်တွေ့မယ့် ပွဲကြီးပွဲကောင်းများ၊ အိပ်ချင်မူးတူးဝန်ထမ်းများကြောင့် ဂျပန်နိုင်ငံတွင် ကုဋေရာချီဆုံးရှုံးနေ၊ သားအိမ်ခေါင်း ကင်ဆာကာကွယ်ဆေးပထမဆုံးအကြိမ် ဈေးကွက်တင်ခွင့်ရ စသည့် နိုင်ငံတကာသတင်းဦး သတင်းထူးများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ဖျော်ဖြေရေး၊ ကျန်းမာရေးနှင့်အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media Houseဖုန်း–၂၂၆၈၅၈က မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

ဇွန် ၉ ရက်က လှိုင်သာယာမြို့နယ် လေဘေးသင့်ခံရသည့် မိသားစုများအား ကူညီထောက်ပံ့အားပေးခြင်း အခမ်းအနားကို မြို့နယ်အစည်းအဝေးခန်းမတွင်ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းထံ RPMM ကုမ္ပဏီ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးသိန်းအောင်က အလှူငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အသင်းဝင်အင်အားတိုးပွားလာအောင်စည်းရုံး ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးလုပ်ငန်းများတွင် ပြည်သူများပါဝင်စိုက်ပျိုးလာရန်ဆောင်ရွက်

နေပြည်တော် ဇွန် ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၆ရက် နံနက်၁၁နာရီက မကွေးတိုင်း နတ်မောက်မြို့နယ် ငွေးကုန်းကျေးရွာအနီး လေးခင်းတောင်ဆည်၏ ရေဝင်မှုအခြေအနေများကိုကြည့်ရှုပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဗဟို အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း၊ တိုင်း ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေတို့သည် နံနက် ၁၁နာရီခွဲတွင် ငွေးကုန်းကျေးရွာ ကျေးလက်ဆေးပေးခန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ နတ်မောက်မြို့ ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးခင်နှင့် အလှူရှင် ဦးသာစိန်တို့က ကျေးလက်ဆေးပေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းနှင့် ဧည့်ပရိသတ်များက ကျေးလက်ဆေးပေးခန်းကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ကျေးရွာပြည်သူများနှင့်တွေ့ဆုံ

ထို့နောက် ဗဟို အတွင်းရေးမှူး ဦးအောင်သောင်း၊ မကွေးတိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ တို့သည် ငွေးကုန်း ရာပြည့် ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာပြည်သူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ လေးကင်းတောင် ကျေးလက်ဆည်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ဆည်မြောင်း ဦးစီးဌာနက ကျေးလက်ဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ကျန်းမာရေးဆေးပေးခန်း မှတ်တမ်းများကို အလှူရှင် ဦးသာစိန်က ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးခင်သို့လည်းကောင်း၊ အလယ်တန်းကျောင်းစာသင်ခုံ အလုံး၅၀ကို ပညာရေးမှူးသို့လည်းကောင်း လွှဲအပ်လှူဒါန်းသည်။

ထို့နောက် ကျေးရွာအုပ်စု ခုနစ်အုပ်စုတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ငွေးကုန်းကျေးရွာအုပ်စု၊ ရှမ်းကုန်းကျေးရွာအုပ်စု၊ ဆင်သေကန်ကျေးရွာအုပ်စု၊ အင်းကန်ကျေးရွာအုပ်စု၊ လင်းကတိုးကျေးရွာ အုပ်စု၊ ကျောက်ပုံကျေးရွာအုပ်စုနှင့် ဖန်ခါးစမ်းကျေးရွာတို့မှ အသင်းဝင်အဆိုပြုလွှာ စုစုပေါင်း ၁၅၀၀ကို ပေးအပ်ကြရာ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက လက်ခံသည်။ **(အပေါ်ပုံ)**

လှူဒါန်း

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ငွေးကုန်း အခြေခံပညာအလယ်တန်းကျောင်း ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ် ဒါဇင် ၁၀၀ ကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် နတ်မောက်မြို့နယ် သဖန်းကန်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ သဖန်းကန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းသားကျောင်းသူများ အတွက် ဗလာစာအုပ်ဒါဇင် ၅၀ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် နတ်မောက်မြို့နယ် ပင်းမြို့ရွာသို့ ရောက်ရှိပြီး ကျေးရွာ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ် ၉၅ ဒါဇင်ကို ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံ

ထို့နောက် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် နတ်မောက်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး အသင်းအတွင်းရေးမှူး၊ အလုပ်အမှုဆောင်၊ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံသည်။

စည်းရုံး

ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အသင်းဝင် အင်အားတိုးပွားလာရန် စည်းရုံးဆောင်ရွက်ရေး၊ အထူးသဖြင့် ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်းများတွင် ပြည်သူတို့ပါဝင်စိုက်ပျိုးလာရန် စည်းရုံးဆောင်ရွက်သွားရေး မှာကြားသည်။ **(သတင်းစဉ်)**

● ရွှေ့ဖုံးမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညောင်ဦး ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ စိုက်ပျိုးထားသည့် ခြံစည်းရိုး ကြက်ဆူပင် ငါးဧက၊ အပင် ၆၀၀၀ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး ရွှေစည်းခုံ စေတီတော်မြတ်ကြီးသို့ ရောက်ရှိပြီး ရွှေစည်းခုံ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီးနောက် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဘိုကြီးထံ စေတီတော်ကြီး အတွက် အလှူငွေများနှင့် သံဃာတော်များ ဆွမ်းလောင်းရန်အတွက် အလှူငွေ များကို ပေးအပ်လှူဒါန်းပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညောင်ဦး မြို့နယ် အမှတ်(၁)ရပ်ကွက်၏ ခြံစည်းရိုးကြက်ဆူပင်ငါးဧက အပင် ၆၀၀၀ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ညောင်ဦးမြို့နယ် ကျောက်ကူး မြစ် ရေတင် ပင်မရေတင်မြောင်း အခြေအနေ၊ လမ်းဘေးဝဲယာတို့တွင် ခြံစည်းရိုး ကြက်ဆူ ပင်များ စိုက်ပျိုးထားရှိမှုအခြေအနေကိုလည်းကောင်း၊ ညောင်ဦးမြို့နယ်ရှိ ငါ့သရောက် မြစ်ရေတင်စီမံကိန်း၏ နွေစပါး မနောသုခ စိုက်ကွင်းများကိုလည်း ကောင်း၊ လက်ပန်ခြေပေါ်မြစ်ရေတင် စီမံကိန်းမှ နွေစပါးစိုက်ပျိုးမှု၊ မိုးစပါး စိုက်ပျိုးရန် မြေပြုပြင်ထွန်ယက်နေမှု၊ မိုးကြိုချည်မျှင်ရှည်ဝါ မျိုးသန့်စိုက်ခင်း အခြေအနေတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ် ချက်များမှာကြားသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ငါ့သရောက် လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ညောင်ဦးခရိုင် ဦးစီးအရာရှိဦးမြင့်စိုးက ငါ့သရောက် လျှပ်စစ်မြစ်ရေတင်နှင့် ညောင်ဦးခရိုင်အတွင်းရှိ မြစ်ရေတင်များ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက် ရှင်းလင်းတင်ပြရာ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ရန်ကင်းမြို့နယ် မိုးကောင်း ဆုတောင်းပြည့်စေတီတော်ကြီး ရွှေသင်္ကန်း ကပ်လှူရန်အတွက် ရန်ကင်းမြို့နယ် ၆ရပ်ကွက် အမှတ် ၂၂၊ သုခဝတီလမ်းနေ ဒေါ်ခင်ထားလတ်(၇၅နှစ်မြောက်မွေးနေ့အလှူ)က အလှူ တော်ငွေကျပ် ၁၀၀၀၀၀ကို ဂေါပက အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဦးကျော်မင်းနှင့် ဒုတိယဥက္ကဋ္ဌ သီရိသုဓမ္မဇောတိကဓဇ ဦးသန်းထွန်း(ကံကော်ရွှေပြည်)တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ညောင်ဦး မြို့နယ် ညောင်လှကျေးရွာ ညောင်ဦး-မြင်းခြံကားလမ်း မိုင်တိုင်အမှတ် (၂၂)ရှိ ညောင်ဦးမြို့ အထွေထွေစီးပွားရေးလုပ်ငန်း၏ ခြံစည်းရိုးကြက်ဆူပင်ဧက ၅၅၀ စိုက်ပျိုးမှု အခြေအနေများနှင့် ကြက်ဆူပင်ပျိုးဥယျာဉ်နှင့် စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် မြစ်ကျချောင်း အနီး ညောင်ဦးခရိုင်ရဲတပ်ဖွဲ့ လက်ပန်ခြေပေါ် ရဲတပ်ဖွဲ့စခန်းမှ စိုက်ပျိုးထား သည့် ခြံစည်းရိုးကြက်ဆူပင်ဧက ၃၀၊ တမိုက်သာကျေးရွာ၏ နွေစပါးဧက ၈၃၀စိုက်ခင်းနှင့် ဆင်တဲချောင်းတံတား အခြေအနေကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြား သည်။

ဆွေးနွေးမှာကြား

မွန်းတည့် ၁၂နာရီတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်နှင့် တောင်သာမြို့နယ်ရှိ စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့အား တွေ့ဆုံ၍ ခြံစည်းရိုး ကြက်ဆူပင်များ အောင်မြင်အောင် စိုက်ပျိုးရေး၊ မိုးစပါး၊ နွေစပါးနှင့်ဆီထွက် သီးနှံများ စိုက်ဧကပြည့်မီအောင် စိုက်ပျိုးရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြင်းခြံမြို့ နယ်မြေခံတပ်ရင်းအတွင်းရှိ ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်နှင့် စိုက်ခင်းများ၊ မိုင်တိုင်အမှတ်(၄၆၅) တွင် စိုက်ပျိုးထားသော မြေပဲခင်းနှင့် နဘူးအိုင်ကျေးရွာရှိ မျိုးသန့်နွေစပါး ဧက ၂၀၀စိုက်ခင်း၊ ငါ့နန်းကျေးရွာ အုပ်စုရှိ နွေစပါးဧက ၂၀၀ စိုက်ခင်း၊ မြင်းခြံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ မြင်းခြံ- မြို့သာ-ညောင်ဝန်းကျေးရွာအနီး ကြက်ဆူပင်ဧက ၁၀စိုက်ပျိုးထားရှိမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

တိုးချဲ့ဆောင်ရွက်

ညနေ ၄နာရီတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ငါန်းဇွန် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံပြီး ခြံစည်းရိုး ကြက်ဆူပင်များ အောင်မြင်အောင် စိုက်ပျိုးရေး၊ ဒေသဝမ်းစာဖူလုံရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက် ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင် ရွက်ကြရေး ရှင်းလင်းမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ငါန်းဇွန်မြို့နယ် ကျောက်တစ်လုံး မြစ်ရေတင်စီမံကိန်း ရေတင်စက်ရုံအမှတ်(၂)ကို ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး ရေငြိမ်ကန် အတွင်း ရေစီးဝင်နေမှုနှင့် နွေစပါး စိုက်ပျိုးထားမှုများကို လည်းကောင်း၊ ရွာသစ်ကျေးရွာ အုပ်စုရှိ တောင်သူ ဦးမောင်ကိုင်၏ မနောသုခစပါး စိုက်ခင်းသုံးဧကကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ မန္တလေးမြို့သို့ ညပိုင်း တွင် ရောက်ရှိသည်။ **(သတင်းစဉ်)**

မိဘနှစ်ပါးဖြစ်သော ဦးဘောက်ဝါ-ဒေါ်လင်ဂင်တွမ်း၊ သား ဦးဝင်းအောင်ကိုတို့အားရည်စူး၍ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၈လမ်းနေ သားသမီးမြေးမြစ်များက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော် ငွေကျပ်နှစ်သိန်းကို တိပိဋကတစ်ပုံခွဲ ဆောင်ဆရာတော် ဘဒ္ဒန္တအဂ္ဂသာရာလင်္ကာရထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဖဲလ်ကွန်စက်သုံးဆီ ၂၀၀၆ခုနှစ်အရောင်းပွဲတော် ဂုဏ်ပြုညစာစားပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၈

ဟန်မြန်မာ သွင်းကုန်ထုတ်ကုန် လုပ်ငန်းက ကြီးမှူး ကျင်းပသည့် Falcon Super Lubricants ၏ ၂၀၀၆ခုနှစ် အရောင်းပွဲတော် အောင် မြင်ခြင်း အထိမ်းအမှတ် ဂုဏ်ပြု ညစာ စားပွဲကို ဇွန် ၁၇ရက် ညနေ ၆နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဒေါ်လ်ဖင် စားသောက်ဆိုင်ခန်းမ၌ ကျင်းပရာ

စက်သုံးဆီအရောင်း ကိုယ်စားလှယ် များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်း

ရှေးဦးစွာ ဟန်မြန်မာသွင်းကုန် ထုတ်ကုန်လုပ်ငန်း မန်နေဂျင်း ဒါရိုက် တာ ဦးသိန်းနိုင်နှင့် Falcon Oil ကုမ္ပဏီ ဒါရိုက်တာ မစ္စတာ အီဘား ဆာချ်ဝါနီတို့က နှုတ်ခွန်းဆက်ကျေးဇူး တင်စကားပြောကြားကြပြီး Falcon Oil ကုမ္ပဏီဈေးကွက်နှင့် အရောင်း မန်နေဂျာ မစ္စတာဆိုလား မွတ်ချ်တာ ဘာကကုမ္ပဏီ၏ ထုတ်ကုန်သွင်းကုန် ပစ္စည်းများ အကြောင်းကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ချီးမြှင့်

ထို့နောက် ၂၀၀၆ခုနှစ် ဈေးရောင်း ပွဲတော်ကာလအတွင်း အကောင်းဆုံး ရောင်းချပေးနိုင်ခဲ့သော အရောင်းကိုယ် စားလှယ်များအား တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ကာ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

(ဝဲပုံ) (သတင်းစဉ်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ်၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ဗာဒံပင်ကြောင့် လျှပ်စစ်အန္တရာယ် စိုးရိမ်နေရ

စာတည်းခင်ဗျား–

ရောဝတီတိုင်း ဟင်္သာတမြို့ ဥယျာဉ်မြောက်ရပ်ကွက် မနော်ဟရီလမ်းနှင့် ကုလားတန်းထောင့်တွင် အမြင့်ပေ ၃၀ ကျော်ရှိ ဗာဒံပင်ကြီး တစ်ပင်ရှိရာ ၎င်းအပင်ဘေးတွင် သွယ်တန်းထားသောမီးကြိုးများနှင့် ဗာဒံပင်တို့ ရိုက်ခတ် မှုကြောင့် အနီးရှိအိမ်များနှင့် လမ်းသွားလမ်းလာများ လျှပ်စစ်အန္တရာယ်ကို စိုးရိမ်နေရပါသဖြင့် အဆိုပါ ဗာဒံပင်ကြီးအား ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

ရေဆိုးမြောင်း ရှင်းလင်းပေးပါ

စာတည်းခင်ဗျား–

မန္တလေးမြို့ မဟာအောင်မြေ မြို့နယ် မဟာမြိုင်(၁)ရပ်ကွက် ၆၇ လမ်း ၃၆ x ၄၁ လမ်းအတွင်းအပိုင်း ၃-၄-၅-၆ တွင် ၂၀၀၄ ခုနှစ်မှစ၍ ယနေ့အထိရေဆိုးမြောင်းမှ ရေများ စီးဆင်းမှုမရှိသဖြင့် အဆိုပါ ရေဆိုး မြောင်းအား ရှင်းလင်း ပေးပါရန် တင်ပြလိုက်ရပါသည်။

မဟာအောင်မြေသား

ဗီဒီယိုပြစက်ဖွင့်သံ နားမခံသာ

စာတည်းခင်ဗျား–

ပဲခူးမြို့ ဆိုရှယ်လစ် ၁၁ လမ်း အနောက်ဘက်ထိပ်ရှိ လက်ဖက်ရည်ဆိုင်နှင့် မော်ကန် ၁၁ လမ်း အရှေ့ဘက်ထိပ်ရှိ လက်ဖက်ရည်ဆိုင်နှစ်ဆိုင်သည် ဗီဒီယိုပြ စက်များကို တစ်ဆိုင်နှင့်တစ်ဆိုင်အပြိုင်အဆိုင် တစ်နေကုန် အသံကျယ်လောင်စွာ ဖွင့်လျက်ရှိရာ ပတ်ဝန်းကျင်နေပြည်သူများစိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။

သို့ပါ၍ အဆိုပါလက်ဖက်ရည်ဆိုင်နှစ်ဆိုင်အား သက်ဆိုင်ရာမှ ကြပ်မတ် ပေးပါရန် တင်ပြအပ်ပါသည်။

ပဲခူးသား

မုန့်ဖိုလုပ်ငန်း စည်းကမ်းရှိစေချင်

စာတည်းရှင်–

သဃ်န်းကျွန်းမြို့နယ် (၁၆)ရပ်ကွက် အပိုင်း(၃) မာလာမြိုင်လမ်းရှိ မုန့်ဖို လုပ်ငန်းမှထွက်ရှိသော ရေပုပ်ရေဆိုး အနံ့ဆိုးများကြောင့် ဘေးပတ်ဝန်းကျင်နေ ပြည်သူများနှင့် လမ်းသွားလမ်းလာများ ကျန်းမာရေး ထိခိုက်စေပါသည်။

ထို့ပြင် အဆိုပါ မုန့်ဖိုလုပ်ငန်းမှ မီးစက်ကြီး၏ဆူညံသံ၊ စက်များလည်ပတ် သံနှင့် အလုပ်သမားများ၏ ဆူညံအော်ဟစ်သံများကြောင့် ရပ်ကွက်နေ ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်စေပါသည်။ သို့ပါ၍ အဆိုပါ မုန့်ဖို လုပ်ငန်းအား စည်းကမ်းတကျဖြစ်စေရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

မောင်စည်းကမ်း

ကံဘဲ့ဘူတာရုံလမ်းက အမှိုက်ပုံ ရှင်းလင်းဖယ်ရှားပေးစေလို

စာတည်းခင်ဗျား–

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကံဘဲ့ ဘူတာရုံလမ်း (ဟိုတယ်/ခရီး) ဝန်ထမ်း အိမ်ရာရှေ့ရှိ အမှိုက်ပုံမှာ အမှိုက်ပစ်သူ များ စည်းကမ်းမရှိခြင်း၊ အမှိုက် ပုံမှန် သိမ်းဆည်းမှု မရှိခြင်းတို့ကြောင့် ကြွက်၊ခြင်၊ယင်များပေါများပြီး အနံ့ဆိုး များ ထွက်နေသဖြင့် အဆိုပါ အမှိုက်ပုံ အား ရှင်းလင်းဖယ်ရှားပေးပါရန်နှင့် စည်းကမ်းတကျ အမှိုက်စွန့်ပစ်နိုင် ရေးဆောင်ရွက်ပေးပါရန် တင်ပြအပ် ပါသည်။

ဘူတာရုံလမ်းသား

(၄၀)ဈေးက အမှိုက်ပုံ လမ်းကို ငုံနေလို့

စာတည်းခင်ဗျား–

ဒဂုံမြို့သစ် (မြောက်ပိုင်း) ၄၀ ရပ်ကွက်ဈေးအတွင်းရှိ အမှိုက်ပုံကြီး မှာ အမှိုက်သိမ်းကား ပုံမှန်လာရောက် သိမ်းဆည်းမှုမရှိခြင်း၊ အမှိုက်စွန့်ပစ်သူ အချို့၏ စည်းကမ်းမဲ့ခြင်းတို့ကြောင့် ဈေးနံရံကိုကျော်လွန်၍ လမ်းဘက်သို့ ပြန့်ကျဲကျနေပါသည်။

သို့ပါ၍ အမှိုက်ပစ်သူများ စည်း ကမ်းတကျဖြစ်စေရေးနှင့် အမှိုက်သိမ်း ကားများ ပုံမှန်လာရောက် သိမ်း ဆည်း စေရေးအတွက် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါ သည်။

အမြင်မတော်သူ

မိလ္လာလျှံထွက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီး

၈-၅-၂၀၀၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ **လမ်းမတော် မြို့နယ် (၁)ရပ်ကွက်၊ ၁ လမ်းနှင့် ၂ လမ်းကြားရှိ အညစ်အကြေးများ ကြောင့် မိလ္လာလျှံထွက်နေခြင်းအား ဆောင်ရွက်ပေးပါ** ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

အာဖရိကတိုက်မှ ဂါနာအသင်း ချက်အသင်းကိုနိုင်ပြီ အီတလီ-အမေရိကန်ပွဲ အနီကတ်အများဆုံးဖြစ်ခဲ့

တင်ပြသူ
မြင့်မောင်စိုး

ဖရန့်ဖွတ် ဇွန် ၁၈

ကမ္ဘာ့ဖလား အုပ်စုဒုတိယပွဲစဉ်များကို ဇွန် ၁၇ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(ဃ)မှ ပေါ်တူဂီအသင်းက အီရန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အုပ်စု(င)မှ ဂါနာအသင်းက ချက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

သို့ရာတွင် အုပ်စု(င)မှ အီတလီအသင်းနှင့် အမေရိကန်အသင်းတို့သည် တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားခဲ့သည်။

ပယ်နယ်တီပေးရ

ည ၇ နာရီခွဲပွဲအဖြစ် ပေါ်တူဂီအသင်းနှင့် အီရန်အသင်းတို့ ယှဉ်ပြိုင်ရာတွင် ပေါ်တူဂီက ဂိုးသွင်းပြီး ဒုတိယမြောက် အနိုင်ပွဲကို ဆက်နိုင်ခဲ့သည်။ ပေါ်တူဂီအသင်းသည် အဖွင့်ပွဲစဉ်တွင် အင်ဂိုလာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားခဲ့သည်။ ပေါ်တူဂီကစားသမားများဖြစ်သည့် ဒေကိုနှင့် စီရိနယ်ရိုတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာကစားသမား ဒေကိုသည် ပွဲချိန် ၆၂ မိနစ်တွင် ၂၂ ကိုက်အကွာမှ ပေါ်တူဂီအသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၇၈ မိနစ်တွင် ဖီဂို အီရန်နောက်တန်းကစားသမားကြောင့် ဂိုးဧရိယာအတွင်း လဲကျခဲ့ရာ ဒိုင်လူကြီးက ဂိုးသွင်းနိုင်

ဂါနာအသင်းအတွက် ဒုတိယမြောက်ဂိုးကို မွန်တာရီက ဤသို့ သွင်းယူခဲ့သည်။
(ဓာတ်ပုံ-အင်တာနက်)

ခြေရှိ၍ ပယ်နယ်တီပေးလိုက်သည်။ ယင်းပယ်နယ်တီဂိုးကို စီရိနယ်ရိုက သွင်းယူခဲ့သည်။

အကောင်းဆုံးဖန်တီးနိုင်

အီရန်က ချေပဂိုးသွင်းရန် တိုက်စစ်ဆင်ကစားရာ ဂျာဗက်နီကွန်းနမ် အနီးကပ် ကန်သွင်းခွင့်ရသော်လည်း ဂိုးမဝင်ခဲ့ပေ။ ပွဲစပြီး ၁၂မိနစ်အကြာတွင် ဒေကို အကောင်းဆုံးအခွင့်အလမ်းရပြီး ရှစ်ကိုက်အကွာမှ ကန်သွင်းရာ အီရန်ဂိုးသမားအီဘရာဟင်က အမှားအယွင်းမရှိ ကာကွယ်နိုင်ခဲ့သည်။ ဖီဂိုနှင့် စီရိနယ်ဒိုတို့သည် ပေါ်တူဂီကွင်းလယ်ကစားကွက်ကို အကောင်းဆုံး ဖန်တီးနိုင်ခဲ့သည်။ သို့ရာတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ဒေကိုက ဆွတ်ခူးရရှိသွားသည်။

ပေါ်တူဂီအသင်းသည် ၁၉၆၆ ခုနှစ်က တတိယဆုရပြီးနောက် ပထမဆုံးအကြိမ် အုပ်စုအဆင့်မှကျော်နိုင်ခဲ့ချိန်တွင် အီရန်အသင်းက ကမ္ဘာ့ဖလားသုံးကြိမ်တိုင် ပါဝင်ယှဉ်ပြိုင်ကစားခဲ့ရာတွင် အုပ်စုအဆင့်အောင်နိုင်မှု မရှိဘဲ အဆုံးသတ်ခဲ့ပြီဖြစ်သည်။

ပေါ်တူဂီမှ လူး ဝစ် ဖီ ဂို နှင့် အီရန် ကစားသမားမာဒန်ချီတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။
(ဓာတ်ပုံ-အင်တာနက်)

ည ၁၀ နာရီခွဲပွဲအဖြစ် ချက်အသင်းနှင့် ဂါနာအသင်းတို့ကစားရာ ချက်က ဂါနာကို နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်သွားခဲ့သည်။ ထိုနေ့က ဂါနာအသင်းသည် အပိုင် ဂိုးသွင်းခွင့် လွဲချော်ခဲ့မှုများရှိသော်လည်း ကျန်အစိတ်အပိုင်းများဖြစ်သည့် ကစားကွက်အနေအထားမှာ ချက်အသင်းထက် သာလွန်သည်။

ပယ်နယ်တီကန်ခွင့်

ပွဲစပြီး နှစ်မိနစ် မပြည့်မီမှာပင် ဂါနာတိုက်စစ်မှူး အဆာမို့ချ်ဂျိုင်ယန်က ဖွင့်ဆော်ဦးဂိုးသွင်းယူနိုင်ခဲ့သည်။ ၎င်းသည် ချက်နောက်တန်းလူ ယူဖာလူဝီ၏အမှားကို အပိုင်အသုံးချ၍ သွင်းယူနိုင်ခဲ့သည်။ ၎င်းချက်ကစားသမားသည် ပွဲချိန် ၆၆ မိနစ်တွင် ဂါနာတိုက်စစ်မှူး မက်သရူး-အာမို့ချ် အားကြမ်းတမ်းစွာ ကစားသဖြင့် အနီကတ်ပြ၍ ပြိုင်ပွဲမှ ပယ်လိုက်သည်။ ချက်ဂိုးဧရိယာအတွင်း ထိုကဲ့သို့ ကြမ်းတမ်းစွာ ကစားခဲ့ခြင်းကို ဂါနာအသင်းအား ပယ်နယ်တီကန်ခွင့်ပေးလိုက်သည်။ သို့သော်လည်း ဂါနာ၏ ပယ်နယ်တီဂိုးကန်ချက်မှာ တိုင်ထိပြီး ထွက်သွားခဲ့သည်။

အောင်ပွဲခံ

ချက်ဂိုးသမား ပီတာချက်သည် ဂါနာတိုက်စစ်မှူးများ၏ ဂိုးများကို ကာကွယ်ပေးနိုင်ခဲ့သော်လည်း ပွဲချိန် ၈၂ မိနစ်တွင် ဂါနာတိုက်စစ်မှူး မွန်တာရီက ဂါနာအသင်းအတွက် ဒုတိယမြောက်ဂိုးသွင်းပြီးချိန်တွင် အာဖရိကစိန်မည်းများသည် အောင်ပွဲခံယူလေတော့သည်။

ဂါနာ ကွင်းလယ်ကစားသမားများဖြစ်သည့် အက်ပီးယားစ်နှင့် မိုက်ကယ် အက်ဆိန်းတို့၏ တိုက်စစ်သည် ချက်အသင်း နာမည်ကြီးနက်ဗက်နှင့် ရိုဆစ်စကီးတို့၏ တိုက်စစ်ကို အချည်းနှီးဖြစ်စေခဲ့သည်။

ချက်ကွင်းလယ် ကစားသမား ရိုဆစ်စကီး ကွင်းလယ်ကစားကွက်ကို အကောင်းဆုံးကစားနိုင်သော်လည်း တိုက်စစ်မှူး ဂျန်ခိုလာ ဒဏ်ရာရနေသဖြင့် ပါဝင်နိုင်ခြင်းမရှိ၍ ဂါနာနောက်တန်းကို မကျော်နိုင်ဘဲ ဖြစ်ခဲ့ရသည်။ ယင်းပြိုင်ပွဲတွင် မိုက်ကယ် အက်ဆိန်းက အကောင်းဆုံး ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ချေပဂိုးပေးလိုက်ရ

နံနက် ၁ နာရီခွဲပွဲအဖြစ် အီတလီအသင်းနှင့်အမေရိကန်အသင်းတို့သည် ရေကုန်ရေခန်း ကစားခဲ့ကြသော်လည်း တစ်ဖက်တစ်ဂိုးစီသာ သွင်းနိုင်ခဲ့ကြသည်။ ယင်းတို့ပြိုင်ပွဲသည် အနီကတ်အများဆုံးပေးခဲ့သည့် ပြိုင်ပွဲဖြစ်လာသည်။ ပထမပိုင်းပွဲချိန် ၂၈မိနစ်တွင် အီတလီမှ ဒီရို့စ်စီ တံတောင်ဖြင့်တွက်ကစားမှုကြောင့် အနီကတ် အပြခံရသည်။ သို့သော်လည်း အီတလီတို့ ပွဲချိန် ၂၂မိနစ်တွင် ဂျီလာဒီနိုက ပီယာလို၏ အလွတ် တည်ကန်ဘောမှ ဦးဆောင်ဂိုးသွင်းပေးထားနိုင်ခဲ့သည်။ သို့သော်လည်း အီတလီအသင်းမှ ဇက်ကာဒိုက ပွဲချိန်၂၇မိနစ်တွင် ကိုယ့်ဂိုးကိုယ်သွင်းမိပြီး ချေပဂိုးပေးလိုက်ရသည်။

ကာကွယ်ပေးနိုင်

သို့သော်လည်း အမေရိကန်အသင်းမှ မက်ထရိုနီနှင့် ပေါ်ပီတို့သည် နှစ်ဝါ တစ်နီထိပြီး ပွဲချိန် ၄၅ မိနစ်နှင့် ၄၇ မိနစ်တို့တွင် အသီးသီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ သို့ရာတွင် အမေရိကန်ဂိုးသမား ကေစီကယ်လာ အီတလီတိုက်စစ်မှူးများ၏ ဆက်တိုက်သွင်းဂိုးများကို ကာကွယ်ပေးနိုင်ခဲ့သည်။

အကြိတ်အနယ်ကစားရမည်

ဂါနာနှင့် အမေရိကန်အသင်းတို့သည် ဇွန် ၂၂ရက်တွင် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ လက်ရှိအနေအထားအရ ဂါနာက သုံးမှတ်၊ အမေရိကန်က တစ်မှတ်သာရသေးသည်။ လက်ရှိခြေစွမ်းအရ အမေရိကန်အသင်းသည် ဂါနာအသင်းကို ယှဉ်ပြိုင်ရန် အကြိတ်အနယ် ကစားရလိမ့်မည်ဖြစ်သည်။

အမေရိကန်နှင့် အီတလီပွဲစဉ် တစ်လျှောက်အကောင်းဆုံး ဘောလုံးသမားဆုကို အမေရိကန်ဂိုးသမား ကေစီကယ်လာက အစွမ်းပြကာကွယ်ပေးနိုင်ခဲ့၍ ဆုဆွတ်ခူးနိုင်ခဲ့သည်။ ။

(အင်တာနက်)

ကမ္ဘာ့ဖလား သတင်းဂယက်

ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးထူးခြားသတင်းများ

ဘာလင် ဇွန် ၁၈

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသော ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များမှ ဇွန် ၁၉ ရက် (ယနေ့) ကျင်းပမည့်ဘောလုံးပွဲစဉ်များနှင့်ပတ်သက်သော နောက်ဆုံးရသတင်းများကို စုစည်းတင်ဆက်လိုက်ပါသည်။

ဆွစ်ဇာလန် ကွင်းလယ်ကစားသမား ဘီရာမီ။
(ဓာတ်ပုံ-အင်တာနက်)

ဆွစ်ဇာလန်ကွင်းလယ်ကစားသမား ဘီရာမီ ဒူးဒဏ်ရာရရှိနေ

ဇွန် ၁၉ ရက် **(ယနေ့)** ကစားမည့် တိုဂိုနှင့်ပွဲတွင် ဆွစ်ဇာလန် ကွင်းလယ်ကစားသမား ဗာလွန်ဘီရာမီသည် ဒူးဒဏ်ရာ ရရှိထားသဖြင့် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း သိရသည်။

ဘီရာမီ၏ ဒူးဒဏ်ရာမှာ မပျောက်သေးကြောင်း ဓာတ်မှန်စစ်ချက်တွင်လည်း အားရဖွယ်မရှိကြောင်း၊ အသင်းနှင့်အတူ အပေါ့စားလေ့ကျင့်ခန်းများ ပြုလုပ်နေသော်လည်း ပြိုင်ပွဲမကစားနိုင်သေးကြောင်း ဆွစ်ဇာလန်အသင်း ဆရာဝန် ဒေါက်တာရိုလန်ဂရော့ဆင်က ပြောကြားလိုက်သည်။

ဘီရာမီ ဒဏ်ရာမသက်သာလျှင် မိမိတို့အိမ်ပြန်ပို့ရမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

တိုဂို
နည်းပြ

တိုဂိုနည်းပြ အော့ တို ဖစ်စတာ။
(ဓာတ်ပုံ-အင်တာနက်)

တိုဂိုအသင်းသားများ စည်းကမ်းလိုက်နာမှုအားနည်း

တိုဂိုဘောလုံးသမားများသည် ကမ္ဘာ့ဖလားပထမပွဲစဉ်၌ တောင်ကိုရီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးနှင့် ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းတွင် လေ့ကျင့်မှုများ တက်တက်ကြွကြွ မပြုလုပ်ကြကြောင်း တိုဂိုနည်းပြ အော့တိုဖစ်စတာက ပြစ်တင် ပြောကြားလိုက်သည်။

အားကစားသမားများသည် စိတ်ဓာတ်အရေးကြီးကြောင်း၊ စည်းကမ်းလိုက်နာမှုရှိရကြောင်းလည်း ၎င်းက ပြောကြားသည်။ တိုဂိုဘောလုံးသမားအချို့သည် သတ်မှတ်ထားသော စည်းကမ်းများကို ဖောက်ဖျက်လျက်ရှိသည်ဟုလည်း အော့တိုဖစ်စတာက ပြောကြားသည်။

စပိန်က လေးဂိုးသွင်းခဲ့၍ ယူကရိန်းနည်းပြ အရှက်ရ

ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ယူကရိန်းအသင်း အဖွင့်ပွဲစဉ်အဖြစ် စပိန်အသင်းနှင့် ကစားခဲ့ရာတွင် စပိန်အသင်းက လေးဂိုးသွင်းပြီး အနိုင်ယူသွားခဲ့သဖြင့် ယူကရိန်းနည်းပြ အရှက်ရခဲ့ကြောင်း သိရသည်။

"ပြိုင်ပွဲရလဒ် ယခုကဲ့သို့ မဖြစ်သင့်ကြောင်း၊ စပိန်တိုက်စစ်မှူးများကို မဟန့်တားနိုင်ခဲ့ကြောင်း" ယူကရိန်းနည်းပြ ဘလော့ကင်က ပြောကြားလိုက်သည်။ "ဇွန် ၁၉ ရက် **(ယနေ့)** ပွဲတွင် ဆော်ဒီအသင်းကို အနိုင်ကစားမည်ဖြစ်ကြောင်း၊ ဆော်ဒီအသင်းကို မည်သို့အနိုင်ကစားရမည်ကို မိမိသေသေချာချာ မှာကြားထားကြောင်း" ဘလော့ကင်က ပြောကြားသည်။ ဆော်ဒီအသင်း၌ ဝါရင့်သမ္ဘာရင့် ကစားသမား နှစ်ဦးဖြစ်သည့် ဆာမီအယ်ဂျာဘားနှင့် ဂိုးသမား မိုဟာမက်အယ်ဒေရီယာတို့သာ ဂရုစိုက်ကစားရန် ဘလော့ကင်က အဓိကထားနေကြောင်း သိရသည်။

စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ

အနိုင်ကစားမှုဖြစ်မည်ဟု ဆော်ဒီနည်းပြ ပြောကြား

ဇွန်၁၉ရက်**(ယနေ့)**ပွဲတွင် ယူကရိန်းအသင်းကို အနိုင်ကစားမှုဖြစ်မည်ဟု ဆော်ဒီနည်းပြ မာကို့စ်ပါ ကွီတာက ပြောကြားလိုက်သည်။ ပြီးခဲ့သည့် ကမ္ဘာ့ဖလားပထမပွဲစဉ်၌ တူနီးရှားနှင့်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပြီး တစ်မှတ်သာရရှိနေရာ အုပ်စုမှတက်ရေးမျှော်လင့်ချက်အဖြစ် ယူကရိန်းကို အနိုင်ကစားရမည်ဟု ဆော်ဒီအသင်းသားများကို နည်းပြပါကွီတာက ဆော်ဩလိုက်သည်။

ဆော်ဒီ ကွင်းလယ်ကစားသမား မိုဟာမက်အာမီးမှာ ဒဏ်ရာအနည်းငယ်ရနေသော်လည်း ယနေ့ပွဲတွင် ထည့်သုံးမည်ဟု ဆော်ဒီနည်းပြ ပါကွီတာက ပြောကြားသည်။

ဆော်ဒီ
နည်းပြ

ဆော်ဒီနည်းပြ ပါကွီတာ။
(ဓာတ်ပုံ-အင်တာနက်)

တူနီးရှား၏ကစားအားကိုသတိထားရန် စပိန်နည်းပြသတိပေး

ယနေ့ကစားမည့် တူနီးရှားအသင်းကို အထူးသတိထား ကစားရန်နှင့် တူနီးရှားဘောလုံးသမားများ၏ ရုတ်တရက် ကစားအားမြှင့်တင်တတ်မှုကို သတိပြုကစားကြရန် စပိန်နည်းပြ အာရာဂိုးနက်စ်က ကစားသမားများအား သတိပေးလိုက်သည်။

စပိန်အသင်းသည် တူနီးရှားအသင်းအပေါ် ခက်ခက်ခဲခဲကစားရမည်ဟုလည်း နည်းပြအာရာဂိုးနက်စ်က ယုံကြည်ထားရာ တူနီးရှားအသင်း၏ အားနည်းချက်များကို ကစားသမားများအား သေသေချာချာ သင်ပြပေးထားသည်။

တူနီးရှား
နည်းပြ

တူ နီး ရှား နည်းပြ လီမာ ရေး။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့လူငယ်အကောင်းဆုံးကစားသမားဆု စီရိနယ်ဒိုရေပန်းစားနေ

ကျင်းပလျက်ရှိသော ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကမ္ဘာ့ လူငယ်အကောင်းဆုံး ဘောလုံးသမားဆုအတွက် ပေါ်တူဂီအသင်းမှ စီရိနယ်ဒို ရေပန်းစားလျက်ရှိကြောင်း သိရသည်။

စီရိနယ်ဒိုသည် ပေါ်တူဂီအသင်းအတွင်း ပွဲတိုင်းခြေစွမ်းပြနိုင်ခဲ့သူဖြစ်သလို ဂိုးသွင်းခြေရှိသူလည်း တစ်ဦးဖြစ်သည်။

ဒေကို၊ ကယ်လာနှင့်အက်ဆိန်းတို့ ပွဲစဉ်အလိုက်အကောင်းဆုံးဆုရရှိ

ဇွန် ၁၇ရက်က ကစားခဲ့သော ပေါ်တူဂီနှင့် အီရန်တို့ပွဲတွင် ကွင်းလယ်ကစားသမား ဒေကို၊ အီတလီနှင့် အမေရိကန်တို့ပွဲတွင် အမေရိကန်ဂိုးသမား ကေစီကယ်လာနှင့် ချက်နှင့်ဂါနာပွဲတွင် ဂါနာကွင်းလယ်ကစားသမား အက်ဆိန်းတို့ ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆု ရရှိခဲ့ကြသည်။ ။

(အင်တာနက်)

✻ ကျောဖုံးမှ

ချီးမြှင့်တော်မူအပ်သော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တာဝန်ရှိသူတို့က ဆရာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဖတ်ကြားပူဇော်

ထို့နောက် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က ကျောင်းလွှတ်ပူဇော အလှူတော်မင်္ဂလာ အောင်ဩဘာ စာတမ်းကို ဖတ်ကြားပူဇော်သည်။

ရေစက်ချအမျှပေးဝေ

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဧည့်ပရိသတ်တို့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဩဘာသာဘိဝံသ ဆရာတော်ကြီး ဟောကြားတော်မူသော အနုမောဒနာ တရားတော်ကိုနာယူကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စတင်ဆောက်လုပ်ခဲ့

ယနေ့ရေစက်ချအလှူတော်မင်္ဂလာ ပြုလုပ်သည့် ပြည့်စေအေးသုံးထပ် ကျောင်းဆောင်တော်ကြီးကို စေတနာရှင်အလှူရှင်၁၆၂ဦး၏လှူဒါန်းငွေကျပ် သိန်းပေါင်း၅၅၀ကျော်ဖြင့် ၂၀၀၃ခုနှစ် ဖေဖော်ဝါရီ ၆ရက်မှ စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကံမြင့်ကျောင်းတိုက် ဝါဆိုဦးတရားပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၈

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက်၌ ဇွန် ၂၁ရက်တွင် ဒေါက်တာအရှင်ဉာဏဂ္ဂ (သာသနဓဇ ဓမ္မာစရိယ M.A ၊ Ph.D)ပညာမြေကျောင်း သင်္ဃန်းကျွန်းကြီးရွာ မင်္ဂလာဒုံမြို့နယ်ကလည်းကောင်း၊ ဇွန် ၂၂ရက်၌ ဒေါက်တာအရှင်သောပါက (သာသနဓဇ ဓမ္မာစရိယ M.A၊ Ph.D)ဇေတဝန်ဓမ္မာရုံကျောင်း၊ မြသီတာရပ်ကွက် မင်္ဂလာဒုံမြို့နယ်ကလည်းကောင်း၊ ဇွန် ၂၃ရက်နှင့် ၂၄ရက်တွင် ဖြူးဆရာတော်ကလည်းကောင်း၊ ဇွန် ၂၅ရက်နှင့် ၂၆ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒကလည်းကောင်း ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်ရာ ကြွရောက်တရားနာယူကြရန် ဖိတ်ကြားထားကြောင်းသိရသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ တာမွေမြို့နယ် မြို့ဦးကျောင်း ပရိယတ္တိစာသင်တိုက်ရှိ စာသင်သား သံဃာတော်များအတွက် ဇွန်၁၇ရက်က အလှူရှင် တာမွေမြို့နယ် ကျိုက္ကဆံလမ်းနေ ဆရာမကြီးဒေါ်ရွှေပု၊ ညီမ ဒေါ်ကြူကြူဝင်း မိသားစုတို့က ဆွမ်းဆန်တော်အိတ်များကို ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမုဒြ ထံ (၁၂)ကြိမ်မြောက် ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ပင်လုံရိပ်မွန် ၃လမ်း အမှတ် ၃၆နေ ဦးမြင့်ဝေ-ဒေါ်လှကြည် မိသားစုက ကွမ်းခြံကုန်းမြို့နယ်ရေး ကူညီမှု အသင်းသို့ ငွေကျပ် တစ်သိန်းနှစ်သောင်းကိုပေးအပ်လှူဒါန်းရာ အသင်း ဥက္ကဋ္ဌ ဦးသန်းထွန်းနှင့်အဖွဲ့က လက်ခံယူစဉ်။ (က-ပ)

ကလေးကျန်းမာပညာ ဉာဏ်သစ်လောင်းသင်တန်းကျင်းပမည်

ရန်ကုန် ဇွန် ၁၈

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ကလေးကျန်းမာ ပညာအဖွဲ့)က ကြီးမှူး၍ ၂၀၀၆ခုနှစ်အတွက် ဉာဏ်သစ်လောင်းသင်တန်းကို ဇွန် ၂၄ရက် နံနက် ၉နာရီမှ ၁၂နာရီအထိ ရန်ကုန်မြို့ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ယင်းသင်တန်းတွင် မန္တလေး ကလေးဆေးရုံကြီးမှ ပါမောက္ခ ဦးတင်မြင့်က Chorea in children၊ ကလေးအထူးကုဆရာဝန် ဒေါက်တာဒေါ်မေလွင်က Transport of critically ill paediatric patients၊ ကလေးအထူးကုဆရာဝန် ဒေါက်တာဒေါ်သဇင်မွန်က Palliative care၊ ကလေးဆေးရုံကြီးမှ အဆုတ်နှင့် ရင်ခေါင်းဆိုင်ရာ ကလေးအထူးကုဆရာဝန် ဒေါက်တာဦးဇော်လွင်က Management of chronic cough in children ခေါင်းစဉ်အသီးသီးဖြင့် ဆွေးနွေးတင်ပြကြမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ၊ ဆေးကျောင်းသားကျောင်းသူများနှင့် အခြားကျန်းမာရေး ဝန်ထမ်းများအားလုံး တက်ရောက်နိုင်ပြီး မှတ်ပုံတင်ခြင်းကို ထိုနေ့နံနက် ၈ နာရီတွင် ဟောပြောမည့်နေရာ၌ ပြုလုပ်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝတ်စုံပြည့်လေ့ကျင့်

ဇွန်၁၈ရက်က အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ထားသည့် အေရိုးဗစ်သင်တန်းတွင် အထက(၂)လသာ၊ အထက(၅) ဗိုလ်တထောင်နှင့် အထက(၃) မင်္ဂလာတောင်ညွန့်မှ ကျောင်းသူလေးများ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံတွင် ဝတ်စုံပြည့်လေ့ကျင့်ကြစဉ်။ (မြန်မာ့အလင်း)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

အထက(သုဝဏ္ဏ)ကျောင်းသူကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပရေးညှိနှိုင်းဆွေးနွေးမည်

ရန်ကုန် ဇွန် ၁၈

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် အထက(သုဝဏ္ဏ) ကျောင်းသူ ကျောင်းသားဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီတွင် ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(သုဝဏ္ဏ)၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ စိတ်ပါဝင်စားသူ ကျောင်းသူကျောင်းသားဟောင်းများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားသည်။ (က-ပ)

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

ကျေးဇူးဆပ်ပါမည်

ဆန်နီပစ်ကပ် ၅က/၇၅၅၄ မှတ်ပုံတင်စာအုပ်သည် ၁၇-၆-၂၀၀၆ရက်တွင် ရွှေဂုံတိုင်အနီး ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ကိုမျိုးသန့်** ဖုန်း-၅၀၄၇၁၅၊ ၀၉-၅၁၅၁၄၇၂။





သဲရေစစ်ကန်၊ ရေလှောင်ကန်နှင့် အမှတ်(၄)ရေတွင်းစက်ရုံတည်ဆောက် မန္တလေးမြို့ပြည်သူများ ရေလုံလောက်စွာဖြန့်ဖြူးပေးရန် အကောင်အထည်ဖော်

မန္တလေး ဇွန် ၁၂

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်း၊ ဦးစောလွင်နှင့် ဌာနမှူးများလိုက်ပါလျက် ဇွန် ၇ရက် ညနေ ၃နာရီက အောင်မြေသာစံမြို့နယ် နန်းတော်ရှေ့ရေစစ်ကန်အနီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော သဲရေစစ်ကန်၊ ရေဂါလန်ငါးသိန်းဆံ့ရေလှောင်ကန်နှင့် အမှတ်(၄)ရေတွင်းစက်ရုံတည်ဆောက်ရေးလုပ်ငန်းခွင် (အပေါ်ပုံ) **နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံအမှတ်(၁)နှင့် ခြံအမှတ်(၂)တို့ရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းလှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။**

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် နန်းရှေ့ရေစစ်ကန်အနီးရှိ သဲရေစစ်ကန်၊ ရေလှောင်ကန်နှင့် အမှတ်(၄)ရေတွင်းစက်ရုံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူးဦးထွန်းကြည်က ရေတင်စက်ရုံအနေးကျ သဲရေစစ်ကန်၊ ဂါလန်ငါးသိန်းဆံ့ရေသိုလှောင်ကန်၊ ကလိုရင်းဆေးစပ်စက်ရုံနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

မြို့တော်ဝန်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် မြို့တော်၏တိုးပွားလာသော မြို့နေပြည်သူများအတွက် ရေကောင်းရေသန့်လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရန် မြို့ရေပေးရေးလုပ်ငန်းများကို နှစ်စဉ်တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုတည်ဆောက်လျက်ရှိသော သဲရေစစ်ကန်၊ ရေလှောင်ကန်နှင့်အမှတ်(၄) ရေတွင်းစက်ရုံတည်ဆောက်ပြီးစီးပါက မြို့အရှေ့ခြမ်းရှိ ပြည်သူများအတွက် နေ့စဉ်သောက်သုံးရေဂါလန် ၁ ဒသမ ၅ သန်းမှ နှစ်သန်းအထိ ပိုမိုဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်းကာလနှင့်အညီ အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ အလေအလွင့်နည်းပါးရေးတို့အတွက် စနစ်တကျကြီးကြပ်ဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ်၏ ရေတံခွန်တောင်ဒေသရှိ အမှတ်(၁)ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံသို့သွားရောက်ပြီးအသားစားကြက်ငယ် ၁၂၀၀၀ မွေးမြူထားရှိမှုနှင့် ဆိတ်အကောင် ၁၀၀ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ မြို့တော်ဝန်အား စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဌာနမှူးဦးခင်မောင်ဆွေက ဘက်စုံခြံအတွင်း အသားစားကြက်မွေးမြူမှု၊ ဆီထွက်သီးနှံနှမ်းစိုက်ပျိုးမှု၊ အခြားဟင်းသီးဟင်းရွက် သီးနှံများစိုက်ပျိုးမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က ခြံစည်းရိုးကြက်ဆူပင်များ ထပ်မံတိုးချဲ့စိုက်ပျိုးရေးမှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဘက်စုံစိုက်ပျိုးရေးနှင့်မွေးမြူရေးခြံအမှတ်(၂)အတွင်းရှိ Lager White အမျိုးအစားဝက်ကြီး၊ ဝက်လတ်၊ ဝက်ငယ်အကောင် ၁၇၀ မွေးမြူမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝက်ခြံဝန်းကျင်သန့်ရှင်းရေး၊ မွေးကင်းစဝက်ငယ်များ ရှင်သန်ကြီးထွားရေး၊ ဝက်များ၏ ကျန်းမာရေးအတွက် တိရစ္ဆာန်ဆေးကုဆရာဝန်နှင့် စစ်ဆေးဆောင်ရွက်ရေးတို့အတွက်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် နယုန်လပြည့်ကျော်(၁၀)ရက်
၂၀-၆-၂၀၀၆(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (လားရှိုးမိုတယ်၏ ဝန်ဆောင်မှုများအကြောင်း)
၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (သီချင်းများက ပြောသည့် မြို့တော်ရွှေဘို-တက္ကသိုလ်ညိုသန့်)
၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (အသေးအမွှား အလေးထားကြစို့-ဒေါက်တာခင်မောင်ညို)
၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (အဖေနှင့် အမေ့သား)
၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ပြက္ခဒိန်ပုစ္ဆာအဖြေရှာ-သိပ္ပံဒိုးကလေး)

ညနေပိုင်း

၁၆း၁၀ ဆိုကြမြိုင်မြိုင်တေးသံပြိုင်
(၁) ပဒေသာမြေမှာရှာစို့လား
(၂) နှလုံးသားကို အလှဆင်ပါ
(၃) တေးဆိုလို့ မိတ်ဆက်မယ်
၁၆း၃၀ **၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်**
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (တက်ကြွပျော်ရွှင်သည့် ဘဝပိုင်ရှင်များဖြစ်စေဖို့-ဒေါက်တာကျော်စိန်)
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ဒီအချိန်မှာ သတိပြုစရာ)
၁၉း၁၅ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ကြက်သွန်ဖြူ)
၂၀း၃၀ ကလေးများအတွက် ပုံပြင် (မြရတနာ)
၂၀း၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) တိမ်တမန်
(၂) အချစ်လေ့လေးမောက်မှာ စိုးတယ်
(၃) သံသရာတစ်ကွေ့ဝယ်

ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦး ဇွန် ၁၁ ရက်က ကျုံပျော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဇရာဦး ပန်းခြံအတွင်းရှိ ပန်းအလှပင်များ စိုက်ပျိုးမှုနှင့် ပျိုးဥယျာဉ်တွင် ခြံစည်းရိုး ကြက်ဆူပင်၊ စားပင်၊ သီးနှံပင်များပျိုးထောင်မှုတို့ကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းအေးက ရှင်းလင်းပြသစဉ်။

(မြို့နယ် စည်ပင်)

ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ခြံစည်းရိုး ကြက်ဆူပင် ၃၀၀၀ ကို အဖွဲ့ပိုင် မြေလွတ် မြေလပ်များတွင် မေ ၂၀ရက်က စိုက်ပျိုးကြရာသို့ အမှုဆောင် အရာရှိ ဦး ကြည် စိုး ကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ဖားကန့်မြို့၌ စုပေါင်းသန့်ရှင်း

ဖားကန့် မေ ၃၁

ဖားကန့်မြို့နယ် မြို့မဈေးကြီးသန့်ရှင်းသပ်ရပ်ရေးအတွက် ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်း၍ မေ ၂၀ ရက်က ဈေးအတွင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ခြင်း အခြေအနေတို့ကို အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူးဦးမင်းဟန် ကြီးကြပ်ပေးကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

လားရှိုးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲ အခမ်းအနားကျင်းပ

လားရှိုး ဇွန် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၀၆-၂၀၀၇ခုနှစ် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၉ရက် ညနေ ၄နာရီက မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး**(ယာပုံ)** ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်၊ ကောလိပ်ကျောင်းများတွင် ပညာသင်ကြားလျက်ရှိသော လားရှိုးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းသားသမီးကျောင်းသားကျောင်းသူ၈၂ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၁၅၅၃၀၀ကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးထွန်းထွန်းဝင်း၊ ဒုတိယဦးစီးမှူး ဒေါ်သင်းယုနှင့်ဦးအောင်သူရတို့က ပေးအပ်ကြသည်။

အဆိုပါ ပညာသင်ထောက်ပံ့ကြေးငွေများကိုကျောင်းသားမိဘဝန်ထမ်း၃၅ဦးနှင့် ဝန်ထမ်းသားမီးများကလက်ခံရယူခဲ့ကြကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေး ဆောင်ရွက်သော မြို့အဝင် လမ်းဘေးဝဲယာ ကပ်တုံးများ ပြုလုပ်နေမှုကို ဇွန် ၁၀ရက်က အမှုဆောင်အရာရှိ ဦးဖြူညွှန့်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိုးမင်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

19-6 (15).p65 1 1/21/32, 1:40 PM

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှု အောက်ရှိ စက်ရုံများအတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ/အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	Steel Structures, Pipes & Fittings	(1) Lot
၂။	Pumps with Motors, Valves	(1) Lot
၃။	Electrical Cables, Instruments & Control Equipment.	(1)Lot

၂။ တင်ဒါပိတ်မည့်ရက်/အချိန် ၁၀-၇-၂၀၀၆ ရက် မွန်းတည့် ၁၂း၀၀ နာရီ။

၃။ သိရှိလိုသည့်အချက်များရှိပါက စီမံကိန်းဌာန၊ ဖုန်းနံပါတ်- ၅၅၉၂၃၆ သို့ ဆက်သွယ်နိုင်ပါသည်။

မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း။

ကြော်ငြာစာ

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက် အကွက်အမှတ်(၁၁၁)ဦးပိုင်အမှတ်(၃-ခဲစင်း) ၉၀x၉၁ လမ်းကြား၊ ၂၁ x ၂၂ လမ်းကြား ဘိုးဘွားပိုင်မြေကွက်အား ဒေါ်ချိုမာမှတ်ပုံတင်အမှတ် ၉/မနမ(နိုင်)၀၇၅၉၁၁က အမှုတွဲအမှတ် ၀၀၉၃/ဘ(ခွဲ၊ပြောင်း)၂၀၀၆-၂၀၀၇ ဖြင့်မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဦးပိုင်ခွဲ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်- ၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်- ၂၇၈(အမ်)

မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့ **တရားနိုင်** **နှင့်** ၁။ ဦးစိုးဝင်း ၂။ ဒေါ်မြင့်မြင့်ကြည် **တရားရှုံး**

၂၀၀၂ ခုနှစ်၊တရားမကြီးမှုအမှတ် - ၁၈၈တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၆ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်၊အကွက်အမှတ်(၁၆/င)ရန်မျိုးအောင်၊ ဦးပိုင်အမှတ်(၁၀၈)၊ မြေကွက်အမှတ်(၁၀၈)မြေဧရိယာ ၀ဒသမ ၂၅၀ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ တစ်ထပ်နှင့်တွဲလျက် ရက်ကန်းရုံ၊ ဇီးခွဲရုံ ထမင်းစားဆောင် စက်ပစ္စည်းများအားလုံး။

ကြမ်းခင်းဈေး - ကျပ် သိန်း(၇၀)

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာများတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

သက်စိုးအောင်
တွဲဖက်တိုင်းတရားသူကြီး(၇)
မန္တလေးတိုင်းတရားရုံး။

FAME ဆယ်ပင်အားဆေး Completec®

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်- ၂၁၊ နည်းဥပဒေ- ၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်- ၃၁၁(အမ်)

မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့ **တရားနိုင်** **နှင့်** ၁။ ဦးသိန်းဝင်း ၂။ ဒေါ်ခင်အေးဝင်း **တရားရှုံး**

၂၀၀၂ ခုနှစ်၊တရားမကြီးမှုအမှတ် - ၁၉၁တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၆ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ်၊ ဝါခေါင်လဆန်း ၂ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်၊အကွက်အမှတ်(၉/ဏ အောင်ဇေယျာ)၊ ဦးပိုင်အမှတ် (၂၁)၊မြေကွက်အမှတ်(၂၁/၇၂) ဧရိယာ ၀ဒသမ ၁၅၁ဧကရှိမြေနှင့် မြေပေါ်ရှိ (၃၂x၂၁)ပေရှိ နှစ်ထပ်တိုက်၊ (၂၀x၁၀x၁၅)ပေရှိ အုတ်ရေကန်တစ်လုံး၊(၇၅x၇၀)ပေရှိစက်ရုံ၊ ဂိုဒေါင် အဆောက်အအုံ စက်ပစ္စည်းများ။

လေလံကြမ်းခင်းဈေး - ကျပ် ၁၅၅ သိန်း

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာများတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် နေ့ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် မေလ ၃၁ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

စိန်သန်း
တွဲဖက်တိုင်းတရားသူကြီး(၄)
မန္တလေးတိုင်းတရားရုံး။

သာသနာ့ကျေးဇူးရှင်ကြီးများ ပူဇော်ပွဲကျင်းပမည်

ညောင်ဦး ဇွန် ၁၀

သာသနာ့ ကျေးဇူးရှင်ကြီးများ ပူဇော်ပွဲကို၁၃၆၈ခု ဝါဆိုလဆန်း ၇ ရက် (ဇူလိုင် ၁ ရက်)တွင် ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော် အရှေ့ဘက် မနောမယိဒ္ဓိဓမ္မာရုံနှင့် ဝါဆိုလဆန်း ၈ ရက် (ဇူလိုင် ၂ရက်)တွင် တူရွင်းတောင် စေတီတော်၏အရှေ့ တောင်ပကျေးရွာ ရှင်အရဟံ ဓာတ်တော်စေတီတို့တွင် နှစ်ရက်တိုင်တိုင် သာသနာ့ ကျေးဇူးရှင်ကြီးများ ပူဇော်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မတ္တရာ မြို့မဈေး အတွင်း မိုးရာသီ ရေစီးရေလာကောင်းမွန်ရေးအတွက် ဈေးအတွင်းရှိ ဈေးခေါင်း(၄) ဦးခင်ဇော်နှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ရေနုတ်မြောင်းများ ဆယ်ယူခြင်း၊ စွန့်ပစ်အမှိုက်များ သိမ်းဆည်းခြင်း လုပ်ငန်းများကို မေ ၂၄ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်ဖုံနှင့် ဒုတိယ ဦးစီးမှူး (အခွန်) ဒေါ်တိုးတိုးသန်း တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ်စည်ပင်)

မဟာသရဏဂုံတော်ကြီးသင်တန်းနှင့် ကပ္ပိယကာရက သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၈

ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး အာဇာနည်လမ်း၊ ရှင်သာမဏေဓမ္မဗိမာန်၌ မဟာသရဏဂုံတော်ကြီးသင်တန်းကို ဇွန် ၁၉ ရက်မှ ဩဂုတ် ၂ ရက်အထိ အပတ်စဉ်တနင်္လာမှ သောကြာနေ့အထိ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအတွင်း ဆရာဦးချမ်းသာက ပို့ချမည်ဖြစ်ရာ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့အား လှူဒါန်းမှုပြုရာတွင် ဝိနည်းနားလည်စွာဖြင့် လှူဒါန်းတတ်ရန်အတွက် ကပ္ပိယကာရကသင်တန်းကို ဇွန် ၂၄ မှ ဇူလိုင် ၃၀ ရက်အထိ အပတ်စဉ်(စနေ၊တနင်္ဂနွေ)နေ့များတွင် မွန်းလွဲ ၁၂ နာရီခွဲမှ ၂ နာရီခွဲအတွင်း ဆရာဦးစိုးတင့်နှင့် ဦးထွန်းရွှေတို့က ပို့ချပေးမည်ဖြစ်သည်။

သင်တန်း တက်ရောက်လိုသူများသည် ရှင်သာမဏေဓမ္မဗိမာန် ဖုန်း-၃၈၇၃၆၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လုပ်ငန်းညှိနှိုင်းစည်းဝေး၊ စီမံကိန်းတာဝန်ပေးအပ်

ပြည် ဇွန် ၁၅

ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၇ ရက်မွန်းလွဲ ၁ နာရီက ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကဏ္ဍအလိုက်ရှင်းလင်း

ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းအေးက ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း နိုင်ငံတော်က ချမှတ်ပေးသည့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၀၆-၂၀၀၇ ခုနှစ်အတွက် ဆက်လက်ဆောင်ရွက်ကြရမည့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းအမှာစကား ပြောကြားသည်။

ရည်ရွယ်ချက်

ယင်းနောက် ပြည်ခရိုင် စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီမိုးက စီမံကိန်းတာဝန်ပေးအပ်ရသည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

တာဝန်ပေးအပ်

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းအေးက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်လွှာများ တစ်ဦးချင်းပေးအပ်သည်။

(အပေါ်ဝဲပုံ) (ခရိုင် ပြန်/ဆက်)

ဇွန် ၁ ရက်က ကျောက်တံခါး မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီး ၅၆ ဦးအတွက် ၂၀၀၆-၂၀၀၇ ခုပညာသင် ထောက်ပံ့ကြေးငွေ ကျပ် ၈၁၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်က ဒုတိယဦးစီးမှူး ဒေါ်မာမာလွင်သို့ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၁) ရပ်ကွက် ၅၂ လမ်း အမှတ် ၁၀၇ /၁၀၉ နေ မိဘနှစ်ပါးအား ရည်စူး၍ ဦးရဲထွန်း-ဒေါ်လှဲ့လှဲ့ ကြူမိသားစုက အလှူငွေကျပ် တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိ စာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃ်န်းကျွန်း မြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အလုပ်အမှုဆောင် ဦးကြည်သိန်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဗဟန်းမြို့နယ် စိန္တာရာမကျောင်းတိုက် ပြည့်စေအေး သုံးထပ်ကျောင်းဆောင်တော်ကြီး ရေစက်ချ အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် စိန္တာရာမကျောင်းတိုက် ပြည့်စေအေးသုံးထပ်ကျောင်းဆောင်တော်ကြီး ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇွန် ၁၈

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် စိန္တာရာမကျောင်းတိုက် ပြည့်စေအေး သုံးထပ်ကျောင်းဆောင်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါကျောင်းဆောင်တော်ကြီး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုသည်။

ဘုရားကန်တော့ဖွင့်လှစ်

ရှေးဦးစွာ ဆရာတော်အရှင်သူမြတ်များနှင့် ဧည့်ပရိသတ်တို့က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဧည့်ပရိသတ်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်

စာမျက်နှာ ၁၄ ကော်လံ ၁ ✻

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပွဲများနှင့် သူတို့အမြင်

ဇွန် ၁၉ ရက် **(ယနေ့)** ကစားမည့် ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များနှင့် ပတ်သက်သည့်အမြင်များကို ဆက်သွယ်မေးမြန်းဖော်ပြလိုက်ပါသည်။

ဝါရင့်အားကစားကလောင်ရှင်

ဆရာမောင်ရဲဝင်း(ဦးထွန်းသာ)

- **တိုဂိုနဲ့ ဆွစ်ဇာလန်ပွဲမှာ ဆွစ်ဇာလန်တို့ နိုင်ဖို့များတယ်။ ဆွစ်ဇာလန်အတွက် ဒီပွဲဟာအရေးပါတယ်။ နိုင်အောင်လဲကစားမှာပါ။ တိုဂိုတို့ ဆွစ်ဇာလန်ကိုအနိုင်ရဖို့ မလွယ်ဘူး။**
- **ယူကရိန်းနဲ့ ဆော်ဒီပွဲကတော့ ကြည့်ကောင်းမယ့်ပွဲပဲ။ ခြေရည်လဲတူတယ်၊ ကစားတာလဲတူတယ်။ ဒါပေမယ့် ဆော်ဒီက ပိုကြိုးစားတယ်။ သရေပွဲလဲဖြစ်နိုင်တယ်။ ဆော်ဒီတို့နိုင်သင့်တဲ့ပွဲပါ။**
- **စပိန်နဲ့တူနီးရှားပွဲစဉ်မှာ စပိန်နိုင်မယ်။ စပိန်ကစားပုံ အရမ်းကောင်းတယ်။ စပိန်တို့အုပ်စုဗိုလ်ဖြစ်ရေး ဒီပွဲအနိုင်ကစားလိမ့်မယ်။ စပိန်တို့က သမ္မာလဲရှိတယ်၊ အစဉ်အလာလဲရှိတယ်။ တူနီးရှားတို့ အနိုင်မရနိုင်ဘူး။ သရေတောင်မကျနိုင်ဘူး။**

စာမျက်နှာ ၆ ကော်လံ ၅ ●

ရန်ကုန်မြို့ရှိ တက္ကသိုလ်ကျောင်းသူကျောင်းသားများ သွားလာရေး အဆင်ပြေစေရေး မြန်မာ့မီးရထားက ဆင်ခြေဖုံးရထားများ နေ့စဉ်ပြေးဆွဲပြီး ဖြည့်ဆည်းပေးနေ ဈေးနှုန်းအထူးသက်သာသဖြင့် လပေးရထားစီးသူ များပြားလာ

ကွင်းဆင်းမေးမြန်းသူ
မောင်မောင်မြင့်ဆွေ

ဓာတ်ပုံမှတ်တမ်း
သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁၈

ရန်ကုန်မြို့နေ ခရီးသွားပြည်သူများနှင့် ကျောင်းသူကျောင်းသားများ ခရီးသွားလာရေး အဆင်ပြေလွယ်ကူစေရန် မြို့ပတ်ရထားများအပြင် ဆင်ခြေဖုံးရထားများလည်း နေ့စဉ်ပြေးဆွဲပေးလျက်ရှိသည်။

ဆင်ခြေဖုံးရထားပြေးဆွဲမှုနှင့်ပတ်သက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ တိုင်းအမှတ်(၇) တိုင်းတာဝန်ခံအရာရှိ ဦးစိန်လွင်အား တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည်။

နေ့စဉ်ပြေးဆွဲ

ဆင်ခြေဖုံးရထားပြေးဆွဲမှုနှင့်ပတ်သက်ပြီး မေးမြန်းရာ ဦးစိန်လွင်က "ဆင်ခြေဖုံးရထားများအနေနဲ့ ရန်ကုန်-တိုးကြောင်လေး-ရွာသာကြီးခရီးစဉ်၊ ရန်ကုန်-တိုးကြောင်လေး-ဒဂုံတက္ကသိုလ်ခရီးစဉ်နဲ့ ရန်ကုန်-တိုးကြောင်လေး-အရှေ့ပိုင်းတက္ကသိုလ် ခရီးစဉ်များကို နေ့စဉ်ပြေးဆွဲပေးလျက်ရှိပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❒

ဒစ္စကာဗာရီလွန်းပြန်ယာဉ် ဇူလိုင် ၁ ရက်၌ လွှတ်တင်မည်ဟုဆို

နာဆာ ဇွန် ၁၇

ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်ကို နာဆာအေဂျင်စီ၏ ထိပ်တန်းလုံခြုံရေးအရာရှိများက ကန့်ကွက်မှုများရှိသော်လည်း ဇူလိုင် ၁ ရက်တွင် အာကာသသို့လွှတ်တင်ရန် ဆုံးဖြတ်လိုက်ကြောင်း နာဆာမှ တာဝန်ရှိသူများက ဇွန် ၁၇ ရက်၌ ပြောကြားလိုက်သည်။

လိုက်ပါမည်

အဆိုပါ အာကာသယာဉ်ဖြင့် အမျိုးသားငါးဦးနှင့် အမျိုးသမီးနှစ်ဦး လိုက်ပါသွားမည်ဖြစ်ကြောင်း သိရသည်။ ၎င်းတို့၏အမည်များမှာ **(ဖော်ပြပါဝဲမှယာ)** ကျွမ်းကျင်ပညာရှင်များ မိုက်ကယ်ဖော်ခ်ဆွမ်၊ သောမတ်စ်ရီတာ၊ အာကာသယာဉ်မှူး မတ်ခ်ကယ်လီ၊ စီစဉ်ညွှန်ကြားရေးမှူး စတီဗင်လင်ဆေး၊ အာကာသမစ်ရှင် အထူးကျွမ်းကျင်သူများ လီဆာနိုဝပ်ခ်နှင့် စတီဖာနီဝီလ်ဆင်နှင့် ဗြိတိသျှဖွား ပီယာ့စ်ဆဲလားခ်တို့ ဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၁ ✡

ဒေသဆိုင်ရာ အာဏာပိုင်များနှင့် လက်တွဲပြီး ကိုယ်တိုင်ပါဝင် ဆောင်ရွက်နိုင်ရန် ဝိုင်းမော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၁၃ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇွန် ၁၈

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးမော်ဟန်စင်နှင့် ဦးယန်းကွေ့တို့အပါအဝင် ဝိုင်းမော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၁၃ ဦးတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှနုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများ ပေးပို့အကြောင်းကြားခဲ့သည်။

အဆိုပါ ဝိုင်းမော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နုတ်ထွက်လွှာပေးအပ်သူ ပါတီဝင် ၁၃ ဦးတို့သည် ၎င်းတို့နုတ်ထွက်လွှာများကို မေ ၁၅ ရက် နံနက် ၁၁နာရီခွဲတွင် ဝိုင်းမော်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်ပေးအပ်ကြပြီး နုတ်ထွက်လွှာများ စုပေါင်းပေးအပ်သည့် အခမ်းအနားကို ကျင်းပခဲ့သည်။

ယင်းအခမ်းအနားသို့ ဝိုင်းမော်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥပဒေအရာရှိ၊

စာမျက်နှာ ၉ ကော်လံ ၁ ■